# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း(၁၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (12-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့ရှိအသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကဏ္ဍမြှင့်တင်စို့

နိုင်ငံတစ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ချမ်းသာကြွယ်ဝရေးအတွက် ပညာရေးသည်ခိုင်မာသော အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှဆောင်ရွက်နိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုးသည် ခေတ်နှင့်အမီ၊ ကမ္ဘာနှင့်အညီ အနာဂတ်ကို လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှဦးစီး၍ ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ကို ယခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်နေ့ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ခဲ့သည်။ ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)တွင် ပြည်တွင်း၊ ပြည်ပမှ ပညာရပ်ဆိုင်ရာထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များနှင့် သုတေသနပညာရှင်ကြီးများက Keynote speech များနှင့် ပညာဗဟုသုတမျှဝေပေးကြပြီး ဆရာအတတ်ပညာကဏ္ဍ၊ ဝိဇ္ဇာနှင့် သိပ္ပံပညာကဏ္ဍ၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံကဏ္ဍ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၊ ဘာသာစကားအရင်းအမြစ်နှင့် ဉာဏ်ရည်တုနည်းပညာကဏ္ဍ စသည့်ကဏ္ဍကြီး ၅ ရပ်အတွက် စာတမ်းပေါင်း ၁၀၀ ကျော် ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့ကြပြီး ညီလာခံကို **"ပညာရေး၊ သိပ္ပံနှင့် နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ညွှန်ပြခြင်း"** ဟူသည့် ဦးတည်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

**"သုတေသနလုပ်ငန်းများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် နည်းပညာသစ်များဖော်ထုတ်ပြီး စျေးကွက်သစ်များချဲ့ထွင်နိုင်မည်ဖြစ်သကဲ့သို့ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအတွက် ကျွမ်းကျင်မှုအရည်အသွေးများနှင့်ပြည့်စုံသည့် ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နိုင်ငံတကာသုတေသနညီလာခံကြီးမှ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုတံခါးသစ်ကို ဖွင့်လှစ်ပေးသွားလိမ့်မည်ဟု ယုံကြည်ကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံ၏ကုန်ထုတ်လုပ်မှုမြင့်မားစေရေး အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး အားပေးရမည်ဖြစ်သည်။ သုတေသနတွေ့ရှိချက်များမှတစ်ဆင့် ထုတ်ကုန်အသစ်ထုတ်လုပ်နိုင်မည့် နည်းပညာအသစ်များကို စက်မှုလုပ်ငန်းများသို့အရောက် နည်းပညာလွှဲပြောင်းပေးခြင်းနှင့်သုတေသနတွေ့ရှိချက်အသစ်များကို လိုအပ်သည့်အဖွဲ့အစည်းများထံ အသိပညာဗဟုသုတမျှဝေပေးခြင်းပြုလုပ်နိုင်ပါက နိုင်ငံ့စီးပွားကို အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မည်လည်းဖြစ်သည်။

ပညာရေး၊ သိပ္ပံနှင့်နည်းပညာများ၏ စွမ်းပကားများနှင့် နောင်လာနောက်သားမျိုးဆက်တို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး တိုးတက်ကောင်းမွန်သည့်လူမှုစီးပွားဘဝနှင့်အတူ ပိုမိုတောက်ပသည့်အနာဂတ်ကို လက်ဆင့်ကမ်းပေးပြီး နိုင်ငံအကျိုး၊ ဒေသအကျိုးသယ်ပိုးထမ်းရွက်နိုင်ကြပါရန်၊ **"ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"** ဟုဆိုသည့်အတိုင်း နိုင်ငံတော်၏ အနာဂတ်အတွက်ပညာရေးကဏ္ဍကိုမြှင့်တင်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်စေရန် နိုင်ငံတော်နှင့်အတူ ပြည်သူများအားလုံးပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
သွေးစည်းညီညီ တွဲလက်ညီမှ
တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လေ့တည်းစီး တစ်ခရီးတည်းသွား
တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား
ပြည်ထောင်စုရဲ့ နှလုံးသား**



## ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော စပါး ၁၃၁၀၀၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ကန့်ဘလူ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၃၁၀၀၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၀၉၅၉ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၁၀၀၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၀ ဒသမ ၁၇ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ စပါးကေ ၁၅၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၃၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စပါးများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် စျေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်စျေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

## မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၃၃၅၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၃၃၅၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၄၇၉၁ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိငရုတ် ၃၃၅၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်များအခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ ငရုတ်တွေ လျာထားကေအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ လုပ်ဆောင်ပေးခဲ့ပါတယ်။ ငရုတ်တွေကို စျေးကွက်ဝင်၊ အထွက်နှုန်းကောင်း၊ ဒေသရာသီဥတုမြေအနေအထားနဲ့ကိုက်ညီတဲ့ သီးနှံအမျိုးအစားကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ အသီးအနှံတွေမှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် စျေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သဖြင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာပေါင်းမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**သာပေါင်း ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဇံအိုးကျေးရွာအုပ်စု ကျောက်စရစ်ကုန်း ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောက်စရစ်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆၃ သိန်းကို လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျောက်စရစ်ကုန်း ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ ရေလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၇ ဦးကို ရန်ပုံငွေကျပ် ၃၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၂၆ ဘီလမ်း၊ ၉၀-၉၁ လမ်းကြားနေ ဘုရား၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန်၊ ရဟန်းဒါယိကာမကြီး ဒေါ်လှငွေ ၉၇ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် မြတောင်ညွန့်သကြားစက် မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀၀ လှူဒါန်းရာ နာယကကြီးဦးတင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်တို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၅၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၅၀၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ဧက ၂၇၉၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၁၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် နည်းပညာသင်တန်းပေးခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေပြီး ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မက်မန်းမြို့နယ် ရောင်စောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မက်မန်း ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရောင်စောင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ မက်မန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ရောင်စောင်းကျေးရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရောင်စောင်းကျေးရွာ၌ အရှည်ပေ ၂၀၀၀ ရှိ နှစ်လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၆ သန်းအသုံးပြု၍ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတစ်လအတွင်းက ဇီယာဆန် ၂၄ ပြည်ပါ အိတ်ရေ ၅၅၀၀၀ ထိ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ဇီယာဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဒီဇီယာဆန်အမျိုးအစားက စားကောင်းတဲ့ ဆန်အမျိုအစား ဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ ဇီယာဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုဇန်နဝါရီလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် လတ်တလောအနေနဲ့ပါ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဇီယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# တစ်ဦးတည်းပိုင်လုပ်ငန်းများ၏ ကောင်းကွက်၊ ဆိုးကွက်များ

မျိုးသူ(ကုန်သွယ်မြှင့်)

ယခုခေတ်တွင် စီးပွားရေးလုပ်ငန်းများကို ထူထောင်ပြီးလုပ်ကိုင်ကြရာ၌ တစ်ဦးတည်းပိုင်လုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများနှင့် ကော်ပိုရေးရှင်းကဲ့သို့ အများပိုင်ကုမ္ပဏီကြီးများ ဟူ၍တွေ့နိုင်သည်။ စာရေးသူတို့နိုင်ငံတွင် Street Food ကဲ့သို့ ဆိုင်များမှစ၍ လုပ်ငန်းကြီးများထိ တစ်ဦးတည်းပိုင်လုပ်ငန်းများကို တွေ့နိုင်သည်။ တစ်ဦးတည်းပိုင်လုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါက အခြားစီးပွားရေလုပ်ငန်းများနည်းတူ အားသာချက်၊ အားနည်းချက်များကို တွေ့နိုင်သည်။ သို့ရာတွင် တစ်ဦးတည်းပိုင်လုပ်ငန်းများသည် ရိုးရှင်းသောလုပ်ငန်းဖွဲ့စည်းပုံရှိကြသည်။ လုပ်ငန်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တစ်ဦးတည်းကသာ တာဝန်ယူရသည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအားလုံးကို တစ်ဦးတည်း၏စွမ်းဆောင်မှုဖြင့် ဆောင်ရွက်ရသကဲ့သို့ ရရှိလာသည့်အကျိုးအမြတ်များကိုလည်း မည်သူကိုမျှ ခွဲဝေပေးရန်မလိုဘဲ အားလုံးကိုရနိုင်သည်။ ထို့အတူပင် အရှုံးနှင့်ရင်ဆိုင်ရသည်ဆိုပါကလည်း အရှုံးအားလုံးကိုခံစားရမည်ဖြစ်သည်။ အကြွေးတင်လျှင်လည်း ရှိသမျှအကြွေးအားလုံးကို တစ်ဦးတည်းကသာ ပေးဆပ်ရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းသည် ပိုင်ရှင်သေဆုံးလျှင် ရပ်တန့်သွားလေ့ရှိသည်။ သို့သော်လည်း အမွေဆက်ခံသည့်သားသမီးများက ဆက်လက်အကောင်အထည်ဖော်ကြသည်လည်းရှိသည်။

မည်သို့ပင်ဆိုစေကာမူ တစ်ဦးတည်းပိုင်လုပ်ငန်းများသည် လုပ်ငန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တစ်ဦးတည်းကသာ ဆုံးဖြတ်ချက်ချရခြင်းသည် ကျေနပ်ဖွယ်ဖြစ်သည်။ အခြားသော အစုစပ်လုပ်ငန်းများနှင့် အများပိုင်ကုမ္ပဏီများတွင် မိမိစိတ်တိုင်းကျဆုံးဖြတ်ခြင်းကို ဆောင်ရွက်၍မရနိုင်ပေ။ Decision Maker ဆိုသော ကိုယ့်လုပ်ငန်းမှာ ကိုယ့်လက်၊ ကိုယ်ခြေ၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်၍ရသည်မှာ ကျေနပ်နှစ်သက်စရာဖြစ်သည်။ ထို့ပြင် တည်ထောင်ရလွယ်ကူသကဲ့သို့ ဖျက်သိမ်းရလည်း လွယ်ကူသဖြင့် တည်ထောင်မှုအလွန်များပြားသည်။ ထို့ပြင် အင်တာနက်ခေတ်တွင် Online Shopping လုပ်ငန်းများကို အရင်းအနှီးနည်းနည်းဖြင့် ထူထောင်နိုင်သဖြင့်လည်း တစ်ဦးတည်းပိုင်လုပ်ငန်းများကို ပိုမိုမြင်တွေ့လာရသည်။

**အားထုတ်ရလွယ်ကူခြင်းနှင့် ရိုးရှင်းခြင်း**

တစ်ဦးတည်းပိုင်လုပ်ငန်းများ၏ အဓိကအားသာချက်မှာ တည်ထောင်ရာတွင် လွန်စွာရိုးရှင်းခြင်းဖြစ်သည်။ လုပ်ငန်းမှတ်ပုံတင်ရာတွင်လည်း မည်သူ့ကိုမျှ တိုင်ပင်စရာမလိုဘဲ စတင်နိုင်သည်။ မည်သည့်ကိစ္စဖြစ်စေ ရိုးရိုးရှင်းရှင်းဖြင့် ဆောင်ရွက်နိုင်သည်။ အခွန်အခမှစ၍ ကုန်ကျစရိတ်လည်းနည်းတတ်သည်။ ထို့ပြင် လုပ်ငန်းအတွင်း အခက်အခဲတစ်ခုခု ကြုံရသည့်အခါ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိသည်။

**လွတ်လပ်ခြင်းနှင့်ပြောင်းလွယ်ပြင်လွယ်ရှိခြင်း**

လွတ်လပ်ခြင်းနှင့် ပြောင်းလွယ်ပြင်လွယ်ရှိခြင်းတို့သည်လည်း တစ်ဦးတည်းပိုင်လုပ်ငန်းအတွက် အားသာချက်တစ်ခုဖြစ်သည်။ ကော်ပိုရေးရှင်းကြီးတစ်ခုဆိုပါက တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းစသည့်လုပ်ငန်းများစတင်ရန်ပင် ကြာရှည်နေတတ်သည်။ ထို့ပြင် ပိုင်ဆိုင်မှုကိစ္စ၊ အုပ်ချုပ်မှုကိစ္စ စသည်တို့အားလုံးသည် အဆင့်ဆင့်များပြားရှုပ်ထွေးနေတတ်သည်။ ပိုင်ဆိုင်မှုထည့်ဝင်ထားသူအနေဖြင့်လည်း အရာရာကို တစ်ဦးတည်းဆုံးဖြတ်၍မရနိုင်ဘဲ အဆင့်ဆင့်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းရပြီး အများဆန္ဒအတိုင်းသာ ဆောင်ရွက်နေရသည်ဖြစ်သည်။ တစ်ဦးတည်းပိုင်လုပ်ငန်းသည် အမှားအယွင်းတစ်စုံတစ်ရာပေါ်ပေါက်လျှင်လည်းကောင်း၊ မူဝါဒအပြောင်းအလဲနှင့် အမိန့်ကြေညာချက်များကြောင့် မိမိလုပ်ငန်းကို ပြင်ဆင်ရမည့်အခါများတွင်လည်းကောင်း ချက်ချင်းလိုလိုပြင်ဆင်ခြင်း၊ လိုက်လျောညီထွေပြောင်းလဲခြင်းတို့ကို အချိန်မဆိုင်းဘဲ ဆောင်ရွက်နိုင်သည်။ စည်းမျဉ်းစည်းကမ်းအများအပြားနှင့် မလှုပ်သာမလှည့်သာသော အခြေအနေမျိုးမဟုတ်သည်မှာ အားသာချက်တစ်ခုဖြစ်သည်။ အလုပ်သမားရေးရာများကို ကိုင်တွယ်ဖြေရှင်းရသည့်အခါတွင်လည်း ချက်ချင်းဆုံးဖြတ်၊ ချက်ချင်းလုပ်ကိုင်နိုင်သည့်အခြေအနေကို ပိုင်ဆိုင်ထားသည်ကို တွေ့နိုင်သည်။

> ❖လွတ်လပ်ခြင်းနှင့် ပြောင်းလွယ်ပြင်လွယ်ရှိခြင်းတို့သည်လည်း တစ်ဦးတည်းပိုင်လုပ်ငန်းအတွက် အားသာချက်တစ်ခုဖြစ်သည်။ ကော်ပိုရေးရှင်းကြီးတစ်ခုဆိုပါက တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းစသည့်လုပ်ငန်းများစတင်ရန်ပင် ကြာရှည်နေတတ်သည်။ ထို့ပြင် ပိုင်ဆိုင်မှုကိစ္စ၊ အုပ်ချုပ်မှုကိစ္စ စသည်တို့အားလုံးသည် အဆင့်ဆင့်များပြားရှုပ်ထွေးနေတတ်သည်။ ပိုင်ဆိုင်မှုထည့်ဝင်ထားသူအနေဖြင့်လည်း အရာရာကို တစ်ဦးတည်းဆုံးဖြတ်၍မရနိုင်ဘဲ အဆင့်ဆင့်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းရပြီး အများဆန္ဒအတိုင်းသာ ဆောင်ရွက်နေရသည်ဖြစ်သည်။ ❖

**စာရွက်စာတမ်းကိစ္စနည်းပါးခြင်း**

လုပ်ငန်းပိုင်ရှင်တိုင်းသည် စာရွက်စာတမ်းများဖြင့် အဆင့်ဆင့်ရေးသားလုပ်ကိုင်နေရသော အပိုကဲ့သို့ဖြစ်နေသည့် ရုံးလုပ်ငန်းတချို့ကို မလုပ်လိုတတ်ကြပေ။ အစုစပ်လုပ်ငန်းများနှင့် ကော်ပိုရေးရှင်းကြီးများတွင်မူ စာရွက်စာတမ်းများဖြင့် ရေးသားဖြေရှင်းလုပ်ကိုင်ရခြင်း၊ မှတ်တမ်းတင်ရခြင်းများသည် မရှိမဖြစ် လုပ်ငန်းများဖြစ်နေပြီး အဆိုပါကိစ္စများအတွက် အချိန်များစွာပေးနေရသည်ကို တွေ့နိုင်သည်။ တစ်ခါတစ်ရံတွင် များစွာငြီးငွေ့ဖွယ်ကောင်းသော အစည်းအဝေးများကို မှတ်တမ်းတင်ရသည့်အစည်းအဝေးမှတ်တမ်းများအတွက် ဝန်ထမ်းအင်အားများ ပါသုံး၍ ဆောင်ရွက်နေရသည်ကို တွေ့ရသည်။ ထို့ကြောင့် အချို့သောစီးပွားရေးသမားများသည် အစုစပ်လုပ်ငန်းများထက် ကိုယ်တိုင်လုပ်ကိုင်ရသည့် တစ်ဦးတည်းပိုင်လုပ်ငန်းများကို ပိုမိုနှစ်ခြိုက်သဘောကျကြောင်း တွေ့ရသည်။ ကော်ပိုရေးရှင်းများအတွက်မူ စာရွက်စာတမ်းများဖြင့် မှတ်တမ်းများထားရှိရခြင်းသည် ဥပဒေကြောင်းအရ လုံခြုံရေးနှင့် တရားဝင်ရေးတို့အတွက် အရေးပါသဖြင့် Overhead Charges ခေါ် ဝန်ထမ်းစရိတ်များ အများအပြားအကုန်ခံ၍ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်။ တစ်ဦးတည်းပိုင်လုပ်ငန်းတွင် ဥပဒေကြောင်းအရ လိုအပ်သော အချက်အလက်အနည်းငယ်ကိုသာ စာရွက်စာတမ်းနှင့် မှတ်တမ်းထားခြင်း လိုအပ်သဖြင့် ဝန်ထမ်းစရိတ်မှာ သီးခြားကုန်ကျခြင်းမရှိသည်ကို တွေ့ရသည်။ စာရွက်စာတမ်းကိစ္စ နည်းပါးခြင်းသည် တစ်ဖက်တွင် ဝန်ထမ်းစရိတ်နည်းပါးခြင်းပင်ဖြစ်သည်။ ထို့ပြင် အချိန်ကုန်မှုလည်း သက်သာသဖြင့် ပင်မလုပ်ငန်းကိစ္စအပေါ် ပိုမိုအချိန်ပေးလုပ်ကိုင်နိုင်သည်ကိုလည်း တွေ့ရသည်။

**အခွန်ကိစ္စ**

တစ်ဦးတည်းပိုင်လုပ်ငန်းများသည် ကြီးမားလာသည့်တိုင်အောင် ပိုင်ဆိုင်မှုမရှုပ်ထွေးခြင်း၊ အကျိုးအမြတ်ကို သိသာမြင်သာခြင်း၊ စာရင်းဇယားမရှုပ်ထွေးခြင်း၊ လုပ်ငန်းပိုင်ဆိုင်မှုမှာလည်း ကိုယ်ပိုင်ပစ္စည်းများနှင့်အတူတူဖြစ်နေတတ်သဖြင့် အခွန်ပေးဆောင်ရာတွင်လည်း ကိုယ်တိုင်၏ဝင်ငွေခွန်တစ်မျိုးကိုသာ ပေးဆောင်ရသည့် အခြေအနေရှိသည်။ အများပိုင်ကုမ္ပဏီကြီးများကဲ့သို့ ကုမ္ပဏီအတွက်ပေးဆောင်ရပြီး တစ်ဦးချင်းအတွက်လည်း ဝင်ငွေခွန်ပေးဆောင်ရသည့် နှစ်ကြိမ်ပေးဆောင်ရခြင်းမျိုး မရှိပေ။ ထို့ပြင် အခွန်ထမ်းရသည့်အခါတွင်လည်း လုပ်ငန်းငယ်အဖြစ်သာ ပေးဆောင်ရတတ်သဖြင့် အခွန်မှာလည်း အများပိုင်ကုမ္ပဏီများ၊ ကော်ပိုရေးရှင်းကြီးများကဲ့သို့ များပြားခြင်းမရှိတတ်သည်ကို တွေ့ရသည်။ အခြားသော အခွန်အခများ၊ ဥပမာ– ရေခွန်၊ မီးခွန်၊ စည်ပင်ခွန် စသည်များသည်လည်း ကိုယ်ပိုင်အတွက်နှင့် လုပ်ငန်းအတွက် နှစ်မျိုးကို တစ်ပေါင်းတည်းဆောင်ရခြင်းမျိုးဖြစ်သည်။ ဥပမာ– ကိုယ်ပိုင်အိမ်တွင်လုပ်ငန်းကို ထူထောင်ထားပါက ရေခွန်၊ မီးခွန်များကို သီးခြားပေးဆောင်ရသည်မျိုး မရှိသည်ကို တွေ့နိုင်သည်။

**ဘဏ်လုပ်ငန်းစဉ်များ**

ယနေ့ခေတ်တွင် လူတိုင်းသည်လည်းကောင်း၊ လုပ်ငန်းတိုင်းသည်လည်းကောင်း ဘဏ်နှင့်မကင်းကွာနိုင်သည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ဘဏ်နှင့်ပတ်သက်သည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြရသည်။ တစ်ဦးတည်းပိုင်လုပ်ငန်းများတွင် လုပ်ငန်းအတွက် ဘဏ်လုပ်ငန်းကိုဆောင်ရွက်သည့်အခါတွင် ဘဏ်တွင်ထားရှိသည့် အကောင့်ပိုင်ရှင်သည်လည်း လုပ်ငန်းရှင်ပင်ဖြစ်သဖြင့် ကိုယ်ပိုင်အကောင့်ကိုပင်သုံးစွဲ၍ရနိုင်သည်ကို တွေ့နိုင်သည်။ ထို့ကြောင့် နှစ်ဦး၊ သုံးဦးတွဲ၍ လက်မှတ်ထိုးပေးရသည့် ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ရန်မလိုအပ်သည်ကို တွေ့နိုင်သည်။ အချိန်ကြန့်ကြာမှု အလွန်နည်းပါးသည်ကို တွေ့နိုင်သည်။ ငွေကြေးအပေးအယူပြုလုပ်ရာတွင် အချိန်ကြန့်ကြာမှုမရှိသည်ကို တွေ့နိုင်သည်။ ဥပမာ –ဖောက်သည်တစ်ဦးက ကုန်ဝယ်ရာတွင် မှားယွင်း၍ ငွေပိုသွင်းမိခြင်းမျိုးဖြစ်စဉ်တွင် မှန်ကန်ကြောင်းသေချာသည်နှင့် ချက်ချင်းငွေပြန်အမ်းနိုင်သော်လည်း ကော်ပိုရေးရှင်းကြီးအတွက်မူ ငွေပြန်အမ်းသည့်လုပ်ငန်းစဉ်သည် များစွာကြန့်ကြာတတ်သည်ကို တွေ့နိုင်သည်။ အခြားသောလုပ်ငန်းများတွင်လည်း တစ်ဦးတည်းပိုင်လုပ်ငန်းသည် ဆုံးဖြတ်ချက်ကို မြန်မြန်ပေးနိုင်သဖြင့် လုပ်ငန်းကြန့်ကြာမှုကို များစွာလျော့နည်းစေသည်။ လျင်မြန်စွာ လှုပ်ရှားနိုင်သဖြင့် ပိုမိုခရီးရောက်သည်ကို တွေ့နိုင်သည်။

**အားနည်းချက်များ**

အထူးသဖြင့် ငွေကြေးပိုင်ဆိုင်မှုသည် လုပ်ငန်းပိုင်ရှင်၏ ကိုယ်ပိုင်ငွေကြေးအရင်းအနှီးများနှင့် ရောနေသဖြင့် ကြွေးယူရသည့်ကိစ္စမျိုးတွင် ကိုယ်ပိုင်အရင်းအမြစ်များကိုပါ ထည့်သွင်းပေးရတတ်သည်။ ထို့ပြင် လုပ်ငန်းအရှုံးပေါ်ပါက အားလုံးကိုတာဝန်ယူကြွေးဆပ်ရသဖြင့် ကိုယ်ပိုင်အရင်းအမြစ်အားလုံးကိုပါ ထိပါးတတ်သည်။ တစ်နည်းဆိုရလျှင် အကန့်အသတ်မရှိ ကြွေးအားလုံးကိုပေးဆပ်ရတတ်သည်။ ထို့ကြောင့် ယခင်က ရရှိထားသောအမြတ်အစွန်းများသည် လုပ်ငန်းရှုံးသည့်အချိန်တွင် အားလုံးပြန်လည်ဆုံးရှုံးရတတ်သည်။ ထိုအားနည်းချက်ကို အထူးသတိထားကာကွယ်ရန် လိုအပ်သည်။ ထို့ပြင် လုပ်ငန်းတိုးချဲ့ရန်လိုအပ်သည့်အခါ ငွေကြေးအရင်းအနှီးကို အကန့်အသတ်တစ်ခုဖြင့်သာ ရယူနိုင်သည်။ လုပ်ငန်းတိုးချဲ့မှုကို မိမိကိုယ်ပိုင်ပိုင်ဆိုင်မှုနှင့် မိတ်ဆွေများ သို့မဟုတ် ဘဏ်များထံမှ ရယူရာတွင် အကန့်အသတ်များစွာ ကြုံတွေ့ရတတ်သည်။ ထို့ကြောင့် လုပ်ငန်း၏ပိုင်ဆိုင်မှုနှင့် မိမိကိုယ်ပိုင် ပိုင်ဆိုင်မှုများကိုခွဲခြား၍ စာရင်းဖော်ထားခြင်း၊ မှတ်ပုံတင်ထားခြင်းများကို ဆောင်ရွက်မှသာ အရှုံးပေါ်သည့်အခါ ခံသာနိုင်သည်။ သို့သော် လုပ်ငန်းတိုးချဲ့ခြင်းအတွက် ဘဏ်တွင်ပေါင်နှံရသည့်အခါမျိုးတွင်မူ ပိုင်ဆိုင်မှုနည်းပါးသည့်အတွက် အခက်အခဲကြုံရတတ်သည်။

ထို့ပြင် တစ်ဦးတည်းပိုင်လုပ်ငန်းတွင် လုပ်ငန်းရှင်တစ်ဦးတည်းကသာ ဆုံးဖြတ်သဖြင့် ကိုယ်ရေးကိုယ်တာကိစ္စများအတွက် ကုန်ကျစရိတ်များနှင့် လုပ်ငန်းကုန်ကျစရိတ်များရောထွေးပြီး အရင်းအမြစ်များ လျော့နည်းတတ်သည်။ လုပ်ငန်းပိုင်ရှင်၊ ဈေးကွက်ဖော်ဆောင်သူ၊ လုပ်ငန်းမန်နေဂျာ၊ မဟာဗျူဟာရေးဆွဲသူ စသည့်လုပ်ငန်းအားလုံးကို လုပ်ဆောင်သူသည် တစ်ဦးတည်းဖြစ်နေသည့်အတွက် ငွေကြေးစီမံခန့်ခွဲရာတွင် ခက်ခဲတတ်သည်။ မည်သည့်အချိန်တွင် လုပ်ငန်းကိုစတင်မည်၊ ပြောင်းလဲမည်နှင့် လုပ်ငန်းကို ရပ်တန့်ရမည်ဆိုပါကလည်း မည်သို့လုပ်ရမည် စသည့်ကိစ္စအားလုံးကို ဆုံးဖြတ်သူမှာ တစ်ဦးတည်းဖြစ်၍ ငွေကြေးကန့်သတ်ထိန်းသိမ်းမှုအပိုင်းတွင် ခက်ခဲတတ်သည်။ ထို့ကြောင့် တစ်ဦးတည်းပိုင်လုပ်ငန်းများအတွက် အဓိကအခက်အခဲများမှာ ငွေကြေးအကြွေးတင်လျှင် ဆပ်ရသည်မှာ ကိုယ်ပိုင်ဓနဥစ္စာကိုပါဆပ်ရတတ်ခြင်း၊ အရင်းအနှီးတိုးချဲ့ထည့်ဝင်ရာတွင် အကန့်အသတ်ဖြစ်ခြင်း၊ လုပ်ငန်းတိုးချဲ့နိုင်သည့် ပမာဏမှအတိုင်းအဆတစ်ခုသာရှိခြင်းနှင့် ပိုင်ဆိုင်မှုနှင့် လုပ်ငန်းဆက်လက်ရှင်သန်ရေးတွင် အကန့်အသတ်ရှိခြင်းဟူသော အချက်လေးချက်ဖြစ်သည်။ လုပ်ငန်းပိုင်ရှင်က လုပ်ငန်းကို ရပ်တန့်သည့်အခါတွင်လည်းကောင်း၊ လုပ်ငန်းရှင်သေဆုံးသည့်အခါတွင် လည်းကောင်း လုပ်ငန်းဆက်လက်ရှင်သန် လည်ပတ်ရေးသည် အခက်အခဲများ ကြုံရတတ်သည်။ တစ်ခါတစ်ရံ လုပ်ငန်းရှင်သေဆုံးလျှင် လုပ်ငန်းလည်း ရပ်တန့်သွားတတ်သည်။ အမွေဆက်ခံသူများက လုပ်ငန်းကို ဆက်လက်လည်ပတ်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်နိုင်ခြင်းမရှိလျှင် လုပ်ငန်းရပ်တန့်သွားမည်ဖြစ်သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၉၉၄၇ ဧက စိုက်ပျိုးပြီးစီး



**ခင်ဦး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၉၉၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၉၈၆၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၉၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ၉၈၆၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၉၉၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေစိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်စေဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များကိုအောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ထိုအားနည်းချက်များကိုရှောင်ရှားနိုင်ရန် ပြင်ဆင်ထားနိုင်ပါက တစ်ဦးတည်းပိုင်လုပ်ငန်းများသည် လွတ်လပ်ပြီး လှုပ်ရှားရလွယ်ကူသဖြင့် လျင်မြန်စွာတိုးတက်လာနိုင်သည်။

မူဝါဒများပြောင်းလဲခြင်း၊ လုပ်ငန်းဈေးကွက်တွင် အပြောင်းအလဲများရှိခြင်း၊ ငွေကြေးဖောင်းပွခြင်း စသည့်အခြေအနေမျိုးတွင် တစ်ဦးတည်းပိုင်လုပ်ငန်းများအတွက် အပြောင်းအလဲများနှင့်လိုက်လျောညီထွေဆောင်ရွက်နိုင်ရန် လွယ်ကူတတ်သည်။ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြစ်သဖြင့် မိမိလုပ်ငန်းအောင်မြင်ရေးအတွက် မည်သို့ပြောင်းလဲမည်ဟု ဆုံးဖြတ်ပြီးလျှင် ချက်ချင်းပြောင်းလဲ၍ရသည်။

တစ်နည်းအားဖြင့် တစ်ဦးတည်းပိုင်လုပ်ငန်းသည် ခန္ဓာကိုယ်ကျစ်လျစ်သူနှင့်တူပြီး အထိုင်အထလွယ်ကူသည်၊ လှုပ်ရှားမှုမြန်ဆန်တတ်သည်။ အများပိုင်ကုမ္ပဏီကြီးများ၊ ကော်ပိုရေးရှင်းကြီးများသည်မူ လူဝကြီးများနှင့်တူညီပြီး လှုပ်ရှားဆောင်ရွက်မှု၊ အထိုင်အထများ လေးပင်သကဲ့သို့ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုတွင် အားနည်းတတ်ပါသည်။ ထို့ပြင် လက်ရှိခေတ်တွင် ဉာဏ်ရည်တုနည်းပညာ(AI)ဟူသော ကွန်ပျူတာဦးနှောက်ဉာဏ်ရည်တုကဲ့သို့ အင်တာနက်စွမ်းအင်သည်လည်း တစ်ဦးတည်းပိုင်လုပ်ငန်းများအတွက် အထောက်အပံ့များစွာဖြစ်စေပြီး အခြားသောလူများစွာ၏ အကူအညီကိုရသကဲ့သို့ ဖြစ်စေနိုင်သည့်အားသာချက်လည်းရှိနေသည်ကို တွေ့နိုင်သည်။ ယခင်က မိမိကုန်ပစ္စည်း ထိုးဖောက်လိုသည့်ဈေးကွက်အကြောင်း၊ Market Survey ဈေးကွက်သုတေသနလုပ်ငန်းများအကြောင်းကို မြေခြားနယ်ခြားသို့သွားရောက်ပြီး လုပ်ကိုင်ရသော်လည်း ယခုအခါ ဉာဏ်ရည်တုနည်းပညာ(AI) နှင့် အခြားသောအင်တာနက်အစွမ်းများဖြင့် ဈေးကွက်အကြောင်းကို လွယ်ကူစွာ သိရှိနိုင်လာပြီဖြစ်သည်။ တစ်နည်းဆိုရလျှင် လူအင်အားလိုအပ်ချက်ကို များစွာလျှော့ချနိုင်လာသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် လှုပ်ရှားမှုမြန်ဆန်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း ဟူသော အားသာချက်များကိုအခြေခံပြီး တစ်ဦးတည်းပိုင်လုပ်ငန်းများသည် လျင်မြန်စွာတိုးတက်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **www.ownr.co’ 6 Sole Proprietorship Advantages and Disadvantages in 2014**

## ထိပ်မှာဦးတင် ရှိခိုးချင်သည် မိခင်မေတ္တာအနန္တာ

- ကြားဖူးခဲ့ရ ရှေးကပုံပြင်
  နားတွင်မနေ့း ကြားယောင်သေး၏
  လူလေးသားလှ ချစ်သူရသော်
  ဆက်သပဏ္ဏာ မိမာတာ၏
  နှစ်စွာနှလုံး သည်းအူတုံးကို
  ကြေပြုန်းသည်ထိ အမိရင်ခွဲ
  ယူဆွဲမကြာ သွားသောခါဝယ်
  လမ်းဘယ်မဆုံး တစ်လျှောက်လုံး၌
  မြူဖုံးတိမ်ကွယ် ညလယ်သို့ရောက်
  လမ်းလျှောက်အမှား လဲပြိုသွားသော်
  လွင့်သွားချိန်မှာ နာကြီးနာလင့်
  မာတာနှလုံး နူးညံ့ဆုံးက
  ချိုပြုံးစကား ဆိုခဲ့ငြားသည်
  မေ့သားဘယ်များ နာသွားသလဲကွယ် တဲ့။

- ကြားမိစေသား အမေ့သားတို့
  မှတ်ထားပါကြ အနန္တဂိုဏ်းဝင်
  ကျေးဇူးရှင်ဟု မိခင်မြတ်ဂုဏ်
  အလုံးစုံကို စာပုံပန်းချီ
  မည်သို့သီလည်း တုမှီခြင်းငှာ
  မစွမ်းသာ၍ နှစ်ဖြာလက်မိုး
  လွန်ရိုကျိုးလျက် ရှိခိုးခါခါပြုကြပါလော့။ ။

ဘိုမျိုး(ရွှေဘို)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဒေါ်နယ်ထရန့်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တက်ရောက်မည်

**နယူးယောက် ဇန်နဝါရီ ၁၁**

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရထားသော ရီပတ်ဘလီကန်သမ္မတလောင်းဒေါ်နယ်ထရန့်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကီရှီအီဝါယာ တက်ရောက်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒေါ်နယ်ထရန့်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲအတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာကို ဒေါ်နယ်ထရန့်၏အသွင်ကူးပြောင်းရေးကာလ တာဝန်ရှိသူများက ဖိတ်ကြားထားပြီး ဖြစ်ကြောင်း ဂျပန်အစိုးရ သတင်းအရင်းအမြစ်များက ထုတ်ဖော်ပြောကြားထားသည်။

ဒေါ်နယ်ထရန့်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲတက်ရောက်ရေးဖိတ်ကြားချက်ကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးကလည်း လက်ခံထားကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီး အီဝါယာသည် အမေရိကန်သမ္မတတစ်ဦး၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲတက်ရောက်မည့် ပထမဆုံးဂျပန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာလိမ့်မည်ဖြစ်သည်။

သို့ရာတွင် ဒေါ်နယ်ထရန့်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးတက်ရောက်မည်ဟူသောသတင်းများနှင့် ပတ်သက်၍ ဝါရှင်တန်မြို့ရှိ ဂျပန်သံရုံးက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရထားသည့် ဒေါ်နယ်ထရန့်သည် လာမည့် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# သမ္မတရာထူး တတိယသက်တမ်းအတွက် ဗင်နီဇွဲလားသမ္မတ မာဒူရို ကျမ်းသစ္စာကျိန်ဆို



**ကာရာကတ်စ် ဇန်နဝါရီ ၁၁**

ဗင်နီဇွဲလားသမ္မတ မာဒူရိုသည် ဇန်နဝါရီ ၁၀ ရက်တွင် သမ္မတရာထူးတတိယသက်တမ်းအတွက် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်ဟု ဗင်နီဇွဲလားနိုင်ငံပိုင် မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံကို ၁၂နှစ်နီးပါး ကြာဦးဆောင်ခဲ့ပြီးနောက် တတိယမြောက် သမ္မတရာထူးသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ မာဒူရိုအနိုင်ရရှိထားကြောင်း ဗင်နီဇွဲလား ရွေးကောက်ပွဲကော်မရှင်က အတည်ပြုကြေညာထားသည်။

သို့ရာတွင် ဗင်နီဇွဲလားရွေးကောက်ပွဲကော်မရှင်၏ အဆိုပါ အတည်ပြုကြေညာချက်ကို ဗင်နီဇွဲလားအတိုက်အခံများက ငြင်းပယ်ထားပြီး အမှန်တစ်ကယ်အနိုင်ရထားသူမှာ အတိုက်အခံသမ္မတအက်ဒ်မန်ဒိုဂွန်ဇာလက် ဖြစ်ကြောင်း ပြောကြားထားသည်။

သမ္မတမာဒူရိုသည် သမ္မတရာထူး တတိယသက်တမ်းတွင်လည်း ဗင်နီဇွဲလားနိုင်ငံ ရင်ဆိုင်နေရသော စီးပွားရေးနှင့် လူမှုရေးအကျပ်အတည်းများကို ဖြေရှင်းနိုင်ရန် ဆက်လက်ရုန်းကန်ရဦးမည်ဖြစ်သည်။

သမ္မတမာဒူရို၏သမ္မတရာထူး တတိယ သက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုပွဲကို ကာရာကတ်စ်မြို့ရှိအမျိုးသားလွှတ်တော်၌ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ယီမင်နိုင်ငံအတွင်းရှိဟူသီပစ်မှတ်များကို အစ္စရေးစစ်လေယာဉ်များတိုက်ခိုက်

**ဂျေရုဆလင် ဇန်နဝါရီ ၁၁**

ယီမင်နိုင်ငံအတွင်းရှိ ဟူသီသူပုန်အုပ်စု ထိန်းချုပ်ထားသော ဆိပ်ကမ်းနှစ်ခုနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို အစ္စရေးစစ်လေယာဉ်များက ဇန်နဝါရီ ၁၀ ရက်တွင် တိုက်ခိုက်ခဲ့သည်။

ဟူသီသူပုန်အုပ်စု၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုနှင့် ဒုံးကျည်တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဟူသီအုပ်စုထိန်းချုပ်ထားသောနေရာများကို အစ္စရေးစစ်လေယာဉ်များက တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

အစ္စရေး စစ်လေယာဉ်များအနေဖြင့် ဟူသီသူပုန်အုပ်စုထိန်းချုပ်ထားသည့် ရက်အစ်ဆာ ပင်လယ်ဆိပ်ကမ်း၊ ဟိုဒိုင်ဒါ ဆိပ်ကမ်းနှင့် ဟေယက်ဇ်လျှပ်စစ်ဓာတ်အားပေး စက်ရုံတို့ကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဟူသီအုပ်စု ပစ်မှတ်များကို တိုက်ခိုက်ရာတွင် စစ်လေယာဉ် အစင်း ၂၀ ကျော် ပြန်လည် ပါဝင်ခဲ့ပြီး ဗုံးနှင့်ဒုံးကျည် ၅၀ကျော်အသုံးပြုခဲ့ကြောင်း အစ္စရေးတပ်မတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့် ၄၈ နာရီအတွင်း အီရန်ကျောထောက် နောက်ခံပြုဟူသီသူပုန်အုပ်စုသည် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ကို မောင်းသူမဲ့လေယာဉ်သုံးစင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် ဟူသီသူပုန်အုပ်စုသည် ပင်လယ်နီရေပြင်အတွင်းရှိ အမေရိကန်လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ်ဟယ်ရီထရူးမင်းကိုလည်းမောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းလည်းအစ္စရေးတပ်မတော်က ပြောကြားထားသည်။

Ref : RT
Trs : KKO



# အွန်လိုင်းလိမ်ညာမှုလုပ်ငန်း၌ ပါဝင်မှုဖြင့် လူပေါင်း ၁၀၅ ဦးကို နိုင်ဂျီးရီးယားဖမ်းဆီး

**အဘူဂျာ ဇန်နဝါရီ ၁၁**

ဥရောပနှင့် အခြားကမ္ဘာ့ဒေသများရှိ ဟိုတယ်များကို ပစ်မှတ်ထား၍ပြုလုပ်ခဲ့သော အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၌ ပါဝင်ပတ်သက်သူများအဖြစ် ယူဆရသူ ၁၀၅ ဦးကို နိုင်ဂျီးရီးယား အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီက ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဇန်နဝါရီ ၁၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

နိုင်ဂျီးရီးယားတာဝန်ရှိသူများ ဖမ်းဆီးထိန်းသိမ်းထားသူ ၁၀၅ဦးထဲတွင် တရုတ်နိုင်ငံသား လေးဦး ပါဝင်ကြောင်း သိရသည်။

အွန်လိုင်း လိမ်လည်မှုများ၌ ပါဝင်ပတ်သက် ခဲ့သူများအဖြစ် ယူဆရသူများကို အဘူဂျာမြို့ရှိ အဆောက်အအုံတစ်လုံးကို ဝင်ရောက်စီးနင်းစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများကို ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ဂျီးရီးယားတာဝန်ရှိသူများသည် ဖမ်းဆီးထိန်းသိမ်းထားသူ ၁၀၅ ဦးကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေသည်။

စစ်ဆေးမေးမြန်းမှုများပြုလုပ်ပြီးချိန်တွင် ၎င်းတို့အားလုံးကို ရုံးတင်တရားစွဲဆိုမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လကလည်း နိုင်ဂျီးရီးယား တာဝန်ရှိသူများသည် အွန်လိုင်းလိမ်ညာမှုလုပ်ငန်းတစ်ခုကိုဖြိုခွင်းခဲ့ပြီး တရုတ်နိုင်ငံသား ၁၄၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသားဦးရေ ၄၀ အပါအဝင် လူပေါင်း ၈၀၀နီးပါးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကမ္ဘောဒီးယား အတိုက်အခံလွှတ်တော်အမတ်ဟောင်းအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူကို ထိုင်းရဲတပ်ဖွဲ့ထံလွှဲပြောင်း

**ဗန်ကောက် ဇန်နဝါရီ ၁၁**

ကမ္ဘောဒီးယား အတိုက်အခံလွှတ်တော်အမတ်ဟောင်းတစ်ဦးကို ဗန်ကောက်မြို့၌ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့သူအဖြစ် ယူဆရသူ ထိုင်းအမျိုးသားတစ်ဦးကို ကမ္ဘောဒီးယားရဲတပ်ဖွဲ့က ထိုင်းရဲတပ်ဖွဲ့ထံ ယနေ့တွင် လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယား အတိုက်အခံလွှတ်တော်အမတ်ဟောင်း လင်မ်ကင်ယာသည် ဇန်နဝါရီ ၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အမျိုးသားတစ်ဦး၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။

အက်ကာလက်ခ်ပီရှိုင်းအမည်ရှိ ၎င်းထိုင်းအမျိုးသားသေနတ်သမားသည် လင်မ်ကင်ယာကို လုပ်ကြံ သတ်ဖြတ်ခဲ့ပြီးနောက် နယ်စပ်ဖြတ်၍ ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ ထွက်ပြေးခဲ့ရာ ကမ္ဘောဒီးယားရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

အသက် ၄၁ နှစ်အရွယ် အက်ကာလက်ခ်ပီရှိုင်းကို ကမ္ဘောဒီးယားရဲတပ်ဖွဲ့က ယနေ့မှာပင် ထိုင်းရဲတပ်ဖွဲ့လက်ဝယ်သို့ လွှဲပြောင်းအပ်နှံခဲ့သည်။

အက်ကာလက်ခ်ပီရှိုင်းကို ကြိုတင်ကြံစည်လူသတ်မှုဖြင့် ထိုင်းရဲတပ်ဖွဲ့က တရားစွဲဆိုထားသည်။

ကမ္ဘောဒီးယား အတိုက်အခံလွှတ်တော်အမတ်ဟောင်း လင်မ်ကင်ယာကို သတ်ဖြတ်မှုအတွက် အပြစ်ရှိကြောင်းကို အက်ကာလက်ခ်ပီရှိုင်းက ဖြောင့်ချက်ပေးထားကြောင်း ကမ္ဘောဒီးယားရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို Space-X ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဇန်နဝါရီ ၁၀ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၁ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၁ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၀ ရက် မစ်ရှင်ဖြင့် လွှတ်တင်ခဲ့သည့် စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်းအနက် ၁၃ စင်းမှာ ဆဲလ်ဖုန်းများကို အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးနိုင်သော ဂြိုဟ်တုများ ဖြစ်ကြကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်တွင် လုပ်ငန်းလည်ပတ်ဆဲ စတားလင့်ခ်ဂြိုဟ်တု ၆၈၇၀ ရှိပြီး အဆိုပါဂြိုဟ်တုများအနက် အစင်း ၄၀၀ ခန့်မှာ ဆဲလ်ဖုန်းများအတွက် အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးနိုင်သည့် စတားလင့်ခ်ဂြိုဟ်တုများ ဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Space-X ကုမ္ပဏီက Starship ဒုံးပျံကို သတ္တမအကြိမ် စမ်းသပ်လွှတ်တင်ရေး ပြင်ဆင်နေ

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Starship ဒုံးပျံကို သတ္တမအကြိမ် စမ်းသပ်လွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည်သတ္တမအကြိမ် Starship ဒုံးပျံစမ်းသပ်လွှတ်တင်မှုကို ဇန်နဝါရီ ၁၃ ရက်တွင် ပြုလုပ်ရန်စီစဉ်ထားသည်။

အဆိုပါမစ်ရှင်အတွက် ပြင်ဆင်သည့်အနေဖြင့် Space-X ကုမ္ပဏီသည် Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကို တက္ကဆက်ပြည်နယ်တောင်ပိုင်း စတားဘေ့စ်အာကာသစခန်းရှိ ပစ်စင်ဆီသို့ ဇန်နဝါရီ ၁၀ ရက်က ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း သိရသည်။

စတားဘေ့စ်အာကာသစခန်း ပစ်စင်တွင် Space-X ကုမ္ပဏီသည် Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကို စူပါဟဲဗီး ပင်မဒုံးယာဉ်ဖြင့် ပေါင်းစပ်တပ်ဆင်မည်ဖြစ်ကြောင်း၊ သတ္တမအကြိမ် စမ်းသပ်လွှတ်တင်မှုမစ်ရှင်တွင် စူပါဟဲဗီးဒုံးယာဉ်သည် စတားဘေ့စ်အာကာသစခန်း ပစ်စင်သို့ပြန်လည်ဆင်းသက်မည်ဖြစ်ပြီး Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်က အိန္ဒိယသမုဒ္ဒရာအတွင်း ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင် သတ္တမအကြိမ်စမ်းသပ်လွှတ်တင်မှုမစ်ရှင်အတွင်း Starship ဒုံးပျံသည် ဂြိုဟ်တုအတု ၁၀ စင်းကိုလည်း ကမ္ဘာပတ်လမ်းပေါ်သို့ စမ်းသပ်ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂျပန်သိပ္ပံပညာရှင်များက ကမ္ဘာ့ပထမဆုံးသစ်သားဂြိုဟ်တုကို နိုင်ငံတကာအာကာသစခန်းပေါ်မှ ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့လွှတ်ခဲ့

**တိုကျို ဇန်နဝါရီ ၁၁**

ဂျပန် သိပ္ပံပညာရှင်များက သစ်ထည်များသုံး၍ တည်ဆောက်ထားသော ကမ္ဘာ့ပထမဆုံးသစ်သားဂြိုဟ်တုကို နိုင်ငံတကာအာကာသစခန်းပေါ်မှတစ်ဆင့် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့လွှတ်ခဲ့ပြီးဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။



သစ်သားဂြိုဟ်တုများအနေဖြင့် ပြင်းထန်ကြမ်းတမ်းသော အာကာသပတ်ဝန်းကျင်၌ ရေရှည်ရပ်တည်နိုင်စွမ်းရှိ၊ မရှိ စမ်းသပ်ရေးအတွက် အထက်ပါ သစ်သားဂြိုဟ်တုကို နိုင်ငံတကာအာကာသစခန်းပေါ်မှတစ်ဆင့် ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Lignosat ဟူ၍ အမည်ပေးထားသော အထက်ပါသစ်သားဂြိုဟ်တုကို တိုကျိုတက္ကသိုလ်မှ ဂျပန်သိပ္ပံပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်သည်။

အနားတစ်ဖက်လျှင် လေးလက်မသာရှိသော Lignosat ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ခြောက်လကြာ ပျံသန်းပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်သည်။

ခြောက်လကြာ မစ်ရှင်အတွင်း အာကာသပတ်ဝန်းကျင်၏ အပူချိန်နှင့်ဖြာထွက်ရောင်ခြည် ရိုက်ခတ်မှုအဆင့်တို့အပေါ် Lignosat ဂြိုဟ်တု၏ တုံ့ပြန်ပုံကို သိပ္ပံပညာရှင်များက စောင့်ကြည့်လေ့လာနေမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Lignosat ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့် မိုင် ၂၅၀ ခန့်အကွာ ပတ်လမ်းပေါ်၌ ပျံသန်းလျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အာထရာဆောင်း ရောဂါစစ်ဆေးနည်းက ဆီးကျိတ်ကင်ဆာကို အချိန်တိုအတွင်း စစ်ဆေးနိုင်

**အီဒင်ဘတ် ဇန်နဝါရီ ၁၁**

အာထရာဆောင်း နည်းပညာအခြေခံ ရောဂါစစ်ဆေးနည်းတစ်မျိုးသည် ဆီးကျိတ်ကင်ဆာရောဂါကို အချိန်တိုအတွင်းစစ်ဆေးဖော်ထုတ် ပေးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဆီးကျိတ်ကင်ဆာရောဂါ စစ်ဆေးရှာဖွေရေး နည်းလမ်းသစ်ကို စကော့တလန် သုတေသနပညာရှင်များက စမ်းသပ်မှုစတင်ပြုလုပ်နေကြောင်း သိရသည်။

ပဏာမအဆင့် စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်အရ အဆိုပါရောဂါစစ်ဆေးနည်းသည် မိနစ် ၂၀ အတွင်း ဆီးကျိတ်ကင်ဆာဆဲလ် ၉၅ ရာခိုင်နှုန်းကို ရှာဖွေပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိ အသုံးပြုနေသော ဆီးကျိတ်ကင်ဆာ စစ်ဆေးနည်းများဖြစ်သည့် သွေးစစ်နည်းနှင့် သံလိုက်လှိုင်းပုံရိပ်ဖော်စနစ် (MRI Sunning)တို့မှာ ရောဂါကိုဖော်ထုတ်အတည်ပြုရန် အချိန်များစွာယူရပြီး ကုန်ကျစရိတ်လည်း ကြီးမားကြောင်း သိရသည်။

မိမိတို့၏ ဆီးကျိတ်ကင်ဆာရောဂါ ရှာဖွေစစ်ဆေးမှု ပုံစံသစ်သည် ကုန်ကျစရိတ်အားဖြင့် MRI စစ်ဆေးမှုကုန်ကျစရိတ်၏ ဆယ်ပုံပုံ တစ်ပုံသာ ရှိမည်ဖြစ်ကြောင်း စကော့တလန် သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ရောဂါစစ်ဆေးမှုပုံစံသစ်ကို လက်တွေ့အသုံးချနိုင်ခဲ့ပါက ဆီးကျိတ်ကင်ဆာရောဂါကို ရောဂါအခြေအနေမဆိုးမီ ဖော်ထုတ်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## လေ့ကျင့်ခန်းပုံမှန်ပြုလုပ်မှုက ကင်ဆာဆဲလ်များပျံ့နှံ့နိုင်ခြေကို လျှော့ချနိုင်

**ပရီတိုးရီးယား ဇန်နဝါရီ ၁၁**

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်မှုသည် ကင်ဆာရောဂါများဖြစ်ပွားမှုကို တားဆီးနိုင်မှုမရှိသော်လည်း ကင်ဆာဆဲလ်များ ပျံ့နှံ့နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဇန်နဝါရီ ၁၀ ရက်သတင်းများအရသိရသည်။

တောင်အာဖရိက ဆေးပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကင်ဆာရောဂါမတွေ့ရှိမီ ၁၂ လ အလိုတွင် လေ့ကျင့်ခန်းပုံမှန်လုပ်သူများ၌ ကင်ဆာဆဲလ်များပျံ့နှံ့နိုင်ခြေကို ၂၇ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လေ့ကျင့်ခန်းပြုလုပ်မှုသည် ကင်ဆာရောဂါကြောင့် လူနာများ အသက်ဆုံးပါးနိုင်ခြေကို လျှော့ချရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေသည်ကို တွေ့ရကြောင်း တောင်အာဖရိကသုတေသနပညာရှင်များက ပြောကြားသည်။

တောင်အာဖရိက သုတေသနပညာရှင်များသည် ကင်ဆာလူနာ ၂၈၂၄၈ ဦးတို့၏ လေ့ကျင့်ခန်းပြုလုပ်မှုအတိုင်းအဆနှင့်ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ကင်ဆာရောဂါမတွေ့ရှိမီ ၁၂ လ အလိုတွင် သီတင်းတစ်ပတ်လျှင် မိနစ် ၆၀ ခန့်ထိ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခဲ့သူများတွင် ရောဂါအခြေအနေ ပိုဆိုးလာနိုင်ခြေ ၁၆ ရာခိုင်နှုန်း ကျဆင်းနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ASB Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို မွန်ဖီးလ် ဆွတ်ခူး

**အော့ကလန် ဇန်နဝါရီ ၁၁**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ကျင်းပခဲ့သည့် ASB Classicတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ် အဖြစ်ပြင်သစ်တင်းနစ်ကစားသမား မွန်ဖီးလ်နှင့် ဘယ်လ်ဂျီယံတင်းနစ်ကစားသမားဇီဇူးဘက်တို့ယှဉ်ပြိုင်ကစားခဲ့ရာမွန်ဖီးလ်က (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည့် မွန်ဖီးလ်သည် ATP Tour တွင် ချန်ပီယံဖြစ်ခဲ့သည့် အသက်အကြီးဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယင်းမှတ်တမ်းကို ဂန္ထဝင်တင်းနစ်ကစားသမားကြီး ရော်ဂျာဖက်ဒါရာက အသက် ၃၈ နှစ် ၇၄ ရက်အရွယ်ဖြင့် ရရှိထားခြင်းဖြစ်ပြီး မွန်ဖီးလ်သည် ASB Classic တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးချိန် ၎င်း၏အသက်မှာ ၃၈ နှစ် ၁၃၂ ရက် ဖြစ်သည့်အတွက် ရော်ဂျာဖက်ဒါရာ၏ ကာလရှည်ထိန်းသိမ်းထားသော မှတ်တမ်းကောင်းတစ်ရပ်ကို ချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။

မွန်ဖီးလ်အနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ATP Tour ဆုဖလား ၁၃ လုံးထိဆွတ်ခူးထားနိုင်ခဲ့ပြီဖြစ်ပြီးပရော်ဖက်ရှင်နယ် တင်းနစ်လောကသို့ ဝင်ရောက်လာခဲ့ပြီး ပထမဆုံးသော ATP Tour ဆုဖလားကို ဆွတ်ခူးပြီး နှစ်ပေါင်း ၂၀ အကြာတွင် ၁၃ လုံးမြောက် ATP Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

မွန်ဖီးလ်က “တင်းနစ်အားကစားကို ကျွန်တော်ချစ်မြတ်နိုးတယ်။ ဒါကြောင့် တင်းနစ်လောကမှာ ကျင်လည်ဖို့အတွက် အများကြီး စွန့်လွှတ်အနစ်နာခံခဲ့တာပါ။ တင်းနစ်အားကစားကို စတင်ကစားခဲ့တဲ့ နေ့ကနေစပြီး အခုအချိန်ထိ တင်းနစ်ကစားနေရတာကိုသဘောကျတယ်။ အသက် ၆၀လောက် ရောက်သွားတဲ့ထိတောင် တင်းနစ်ကစားသွားချင်တယ်။ ပြိုင်ပွဲမဝင်နိုင်တော့ရင်တောင် လေ့ကျင့်တာတွေပြုလုပ်သွားမယ်။အခုလိုချန်ပီယံဆုဖလားကိုမှတ်တမ်းကောင်းတွေနဲ့ ဆွတ်ခူးခဲ့တာ ဝမ်းသာဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- လာမည့်ဇွန်လတွင် ဘိုင်ယန်မြူးနစ်အသင်းမှစာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ကီမစ်နှင့် တောင်ပံကစားသမားဆာနေးတို့အနေဖြင့် ဘာစီလိုနာအသင်းနည်းပြဖလစ်နှင့် ပြန်လည်ပူးပေါင်းရန်စီစဉ်လျက်ရှိသည်။
- ပီအက်စ်ဂျီအသင်းက အေဗီလာအသင်းတိုက်စစ်မှူး ဒူရန်ကို စတာလင်ပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန် အပြင်းအထန်ကြိုးပမ်းနေသော်လည်း အေဗီလာအသင်းက စတာလင်ပေါင် သန်း ၈၀ ထိအလိုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အဲဗာတန်အသင်းက နည်းပြဒိုက်ချီ၏ နေရာတွင် အသင်းနှင့် ၁၂ နှစ်ကြာလက်တွဲခဲ့သည့် နည်းပြမိုယက်စ်နှင့် ပြန်လည်လက်တွဲခဲ့ပြီး ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

ML

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင် ဖြင့်ပွဲထွက်လာခဲ့ပြီးပွဲစကတည်းက ရန်ကုန်ယူနိုက်တက် အသင်းက ခြေစွမ်းပိုင်းအသာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း မဟာယူနိုက်တက်အသင်း၏ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့မှုကြောင့် ပွဲချိန်ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပထမပိုင်းတွင် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၅၇မိနစ်တွင် ဝေလင်းအောင်နှင့် ပွဲချိန် ၆၉ မိနစ်တွင် ကောင်းစည်သူတို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ကာ ပွဲပြီးဆုံးခါနီးတွင် မဟာယူနိုက်တက်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်တိုက်စစ်ဆင် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၈၃မိနစ်နှင့် ပွဲချိန် ၉၁ မိနစ်တို့တွင် သက်နိုင်က ချေပဂိုးနှစ်ဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ဝေလင်းအောင်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၁၂ရက် ညနေ ၃နာရီခွဲတွင် တောင်ကြီးမြို့ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့်သစ္စာအားမာန်အသင်း၊ ညနေ ၄နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ရတနာပုံအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

## လန်းအသင်းခံစစ်ကစားသမား ခူဆာနို့ကို မန်စီးတီးအသင်းခေါ်ယူရန် သဘောတူညီမှုရရှိ

**မန်ချက်စတာ ဇန်နဝါရီ ၁၁**

မန်စီးတီးအသင်းသည် လန်းအသင်းခံစစ်ကစားသမား ခူဆာနို့ကိုခေါ်ယူရန်ကနဦးသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် အသက် ၂၀ ရှိ ခံစစ်ကစားသမားကိုခေါ်ယူရန် ကစားသမား၏ ကိုယ်စားလှယ်များနှင့် နောက်ဆုံးအဆင့်ဆွေးနွေးမှုများပြုလုပ်နေပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်၍တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ခူဆာနို့သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက ဘီလာရစ်ကလပ်မှ ပြင်သစ်ကလပ် လန်းအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၁၀၀၀၀၀ ဖြင့်ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၃၁ ပွဲပါဝင်ကစားခဲ့ရာ ခြေစွမ်းပြသနိုင်ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် မန်စီးတီးအသင်းအနေဖြင့် ခံစစ်ပိုင်းမှအာကန်ဂျီ၊ အကီ၊ ဂွါနီစတုန်းနှင့် ရူဘင်ဒီယက်ဇ်တို့ကို ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရပြီးနောက် ရလဒ်ပိုင်းကျဆင်းခဲ့သဖြင့် လက်ရှိတွင် ခံစစ်ပိုင်းကို အမြန်ဆုံးဖြည့်တင်းခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား ခူဆာနို့သည် အသင်း၏ခံစစ်လိုအပ်ချက်ကြောင့် ပထမအသင်းကြီးတွင် ချက်ချင်းပွဲထွက်ခွင့်ရရှိမည်ဖြစ်ပြီး အသင်းအနေဖြင့် ဘရာဇီးလူငယ်ကစားသမား ဗစ်တာရိစ်နှင့် ဖရန့်ဖတ်တိုက်စစ်မှူး မာမောက်တို့ကိုလည်း ထပ်မံခေါ်ယူရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။




Ref : ESPN

Trs : ML

## ပေါ်တူဂီ ဒုတိယတန်းကလပ်အသင်းကို တိုက်စစ်မှူး ဗင်နီစီးယက်စ် ဝယ်ယူရန်ဆုံးဖြတ်

**မက်ဒရစ် ဇန်နဝါရီ ၁၁**

ရီးရဲလ်မက်ဒရစ် အသင်း တိုက်စစ်မှူး ဗင်နီစီးယက်စ်သည် ပေါ်တူဂီ ဒုတိယတန်းကလပ် အသင်းတစ်သင်းကို ဝယ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဗင်နီစီးယက်စ်သည် စပိန်စူပါဖလား ဗိုလ်လုပွဲကစားရန်ဆော်ဒီနိုင်ငံ ဂျက်ဒက်မြို့တွင် ရောက်ရှိနေပြီး ၎င်းအနေဖြင့် အနာဂတ်တွင် ကစားသမားဘဝမှ အနားယူခဲ့ပါက စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ရန်အတွက် ပေါ်တူဂီဒုတိယကလပ်အသင်းကို ဝယ်ယူရန် ဆုံးဖြတ်ခဲ့သည်။

ပေါ်တူဂီဒုတိယတန်းကလပ်တွင် ကလပ်အသင်း ၁၈ သင်းရှိပြီး အရန် အသင်းဖွဲ့စည်းထားရှိသည့် အသင်းများမှာ ပေါ်တိုအသင်း၊ ဘင်ဖီကာအသင်းနှင့် ပေါ်တီမိုနန်စီအသင်းတို့ဖြစ်ပြီး ဘရာဇီးကစားသမားအများစု ပါဝင်ကစားလျက်ရှိသည်။

ဗင်နီစီးယက်စ်သည် NIKE အားကစားကုမ္ပဏီနှင့် ၂၀၂၈ ခုနှစ်ထိ စပွန်ဆာစာချုပ်သစ်ချုပ်ဆိုပြီးနောက် ကလပ်အသင်းတစ်သင်းကို ဝယ်ယူရန် ဆုံးဖြတ်ခဲ့သဖြင့် ကစားသမားဘဝတွင် ကလပ်အသင်းတစ်သင်း ပိုင်ဆိုင်ထားသည့် အယ်အီသီဟာတ် ကစားသမား ကန်တီက ဘယ်လ်ဂျီယံ တတိယတန်းကလပ် အိတ်ဆဲရှား၊ အမ်ဘက်ပီက ပြင်သစ် တတိယတန်းကလပ် ကိန်းအသင်းတို့နောက်တွင် ကလပ်အသင်းပိုင်ဆိုင်သည့် ကစားသမားတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# MFF Vita Max Futsal League II ပြိုင်ပွဲ
# ပွဲစဉ်(၅)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Vita Max Futsal League II ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များကို ယနေ့ နံနက် ၈နာရီခွဲမှ စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

MFF Vita Max Futsal LeagueII ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈နာရီခွဲက Shwe Pyi Thar United အသင်းနှင့်Maryar FCအသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး နံနက် ၁၀နာရီက Black Cross FC အသင်းနှင့် KKY FC အသင်းတို့ ကစားခဲ့ရာ Black Cross FC အသင်းက သုံးဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁နာရီခွဲက 7Brother FC အသင်းနှင့် Let Wel Thone Nara အသင်းတို့ကစားခဲ့ရာ Let Wel Thone Naraအသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁နာရီက 7Dragon FCအသင်းနှင့် Gold Dream FC အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂နာရီခွဲက TG United အသင်းနှင့် JZ Yangon FCအသင်းတို့ကစားခဲ့ရာTG United အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ ညနေ ၄နာရီက Pacific Sun Far FC အသင်းနှင့် YCDC Marga Youth FCအသင်းတို့ကစားခဲ့ရာPacific Sun Far FC အသင်းက လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# ဘာရာဇီးကလပ် ပါမီးယက်စ်အသင်းသို့
# ပြောင်းရွှေ့ရန် ဂျော်ဂျင်ဟို ဆွေးနွေးမှုပြုလုပ်

ဗျူနိုစ်အေရိစ် ဇန်နဝါရီ ၁၁

အာဆင်နယ်အသင်း ခံစစ်ကစားသမား ဂျော်ဂျင်ဟိုသည် လာမည့်နွေရာသီ စာချုပ်ကုန်ဆုံးချိန်တွင် ဘာရာဇီးကလပ်ပါမီးယက်စ်အသင်းသို့ပြောင်းရွှေ့ရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

ဂျော်ဂျင်ဟိုသည် အာဆင်နယ်အသင်းတွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးလာချိန်၌ စီးရီးအေကလပ် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် စီစဉ်ခဲ့သော်လည်း နည်းပြအာတီတာက ကစားသမားကိုစည်းရုံး၍ တစ်နှစ်သက်တမ်းတိုးနိုင်ခဲ့သောကြောင့် ယခုအခါ စာချုပ်ကုန်ဆုံးချိန်တွင် ပါမီးယက်စ်အသင်းသို့ ပြောင်းရွှေ့ရန် စတင်ဆွေးနွေးခဲ့သည်။

ဂျော်ဂျင်ဟိုသည် ကစားသမား ဘဝ စာမျက်နှာသစ်ဖွင့်လှစ်ရန် အတွက် ယခုနှစ်တွင်ကျင်းပမည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ပစ်မှတ်ထားနေပြီး ပါမီးယက်စ်အသင်းနှင့် ဆွေးနွေးမှုအဆင်မပြေပါက ဖီဖာကမ္ဘာ့ဖလားကစားခွင့်ရမည့်တောင်အာဖရိက ကလပ်အသင်းတစ်သင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေသဖြင့် ဆော်ပိုလိုအသင်းကလည်း ခေါ်ယူရန်ပစ်မှတ်ထားနေသည်။

အသက် ၃၃ နှစ်ရှိ ဂျော်ဂျင်ဟိုသည် ချဲလ်ဆီးအသင်းတွင် ကစားခဲ့စဉ်က ပြိုင်ပွဲစုံ ၂၁၃ ပွဲ၌ သွင်းဂိုး ၂၈ဂိုး သွင်းယူခဲ့ကာ ဆုဖလားအောင်မြင်မှုရရှိခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်က အာဆင်နယ်အသင်းသို့ ရောက်ရှိခဲ့ချိန်တွင် ပြိုင်ပွဲစုံ ၆၉ ပွဲတွင် သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပိုင်း ကျဆင်းခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# နော်ဝေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို
# မန်စီးတီးအသင်းတိုက်စစ်ကစားသမား ဟာလန်း ဆွတ်ခူး



အော့စလို ဇန်နဝါရီ ၁၁

နော်ဝေနိုင်ငံဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်သည့် ၂၀၂၄ခုနှစ်အတွက် နော်ဝေတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို မန်စီးတီး အသင်း တိုက်စစ်ကစားသမား ဟာလန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဟာလန်းသည် ယခုနှစ်အတွင်း ကစားခဲ့သည့် နော်ဝေအသင်းနှင့်ပွဲစဉ်တွင် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပနေးရှင်းလိဂ် (B)ပြိုင်ပွဲ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အုပ်စုပွဲစဉ်ခြောက်ပွဲကစားခဲ့ရာ ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့ကာ သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သလိုအသင်းကိုလည်းအုပ်စုပထမနေရာတွင်ရပ်တည်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

အလားတူ ဟာလန်းသည် မန်စီးတီး အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် နော်ဝေအသင်းနှင့်လည်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် အေတီကိုအသင်းမှ ဆိုလော့နှင့် အာဆင်နယ်အသင်းမှ အိုဒီဂတ်တို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

နော်ဝေနိုင်ငံဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်သည့် နော်ဝေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ပြီးခဲ့သည့် ၂၀၁၉ခုနှစ်က အိုဒီဂတ်က ဆိုစီဒက်အသင်းတွင် ကစားခဲ့စဉ်က ရရှိခဲ့ပြီးနောက်ပိုင်း ဟာလန်းက ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်မှစတင်ပြီး ၂၀၂၄ ခုနှစ်ထိငါးနှစ်ဆက်တိုက် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟာလန်းသည် နော်ဝေအသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ၃၉ပွဲ ကစားခဲ့ပြီး ၃၈ဂိုးထိ သွင်းယူထားကာ နော်ဝေအသင်း သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိနေသူဖြစ်ကြောင်း သိရသည်။

Ref : One Football
Trs : STA

# Sony Openပြိုင်ပွဲ အမှတ်ပေးဇယားကို
# မက္ကာသီနှင့်ဖစ်ရှ်ဘန်းတို့ ပူးတွဲဦးဆောင်

ဟာဝိုင်ယီ ဇန်နဝါရီ ၁၀

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်တွင် ကျင်းပနေသည့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် မက္ကာသီနှင့် ဖစ်ရှ်ဘန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်ဂေါက်သီးရိုက်ကစားသမား ဟိုင်ရာတာ၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် အဲရစ်ကိုးနှင့် ပီတာဆင်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဇက်ဂျွန်ဆင်အပါအဝင် ပြိုင်ပွဲဝင်လေးဦးတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

အမှတ်ပေးဇယားကိုဦးဆောင်ခွင့်ရထားသည့် ဖစ်ရှ်ဘန်းသည် ဒုတိယနေ့၏ ပထမကိုးကျင်းတွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ဒုတိယကိုးကျင်း မှစတင်၍ ရလဒ်ကောင်းခဲ့ပြီး ကျင်းနံပါတ် ၁၂၊ ၁၃၊ ၁၄ တို့တွင် Birdies ရိုက်ချက်များ ဆက်တိုက်ရရှိခဲ့သည်။

ဖစ်ရှ်ဘန်းက "ဒုတိယနေ့ရဲ့ ပထမ ကိုးကျင်းမှာတော့ ပုံစံကောင်းမရခဲ့ဘူး။ ဒုတိယကိုးကျင်းမှာတော့ တော်တော်လေးကိုရလဒ်ကောင်းခဲ့တယ်။ သုံးကျင်းဆက်တိုက် Birdies ရိုက်ချက် ရယူနိုင်ခဲ့တယ်။ ဒုတိယကိုးကျင်းမှာ Tee ရိုက်ချက်တိုင်းနီးပါး Fairway ပေါ်ရောက်ခဲ့တယ်။ ဒါကြောင့်လဲ ရလဒ်တွေ တိုးတက်လာခဲ့တာပါ။ ဒုတိယနေ့ ရလဒ်ကောင်းလိုက်တဲ့အတွက် ကျန်နှစ်ရက်မှာ ယှဉ်ပြိုင်ကစားသွားဖို့ စိတ်ခံတင်ပိုင်းဆိုင်ရာအကောင်းဆုံးအနေအထားကိုရောက်ရှိသွားပါပြီ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



# မျက်လုံးဒဏ်ရာရရှိထားသည့်အတွက် နာအိုယာနှင့်ထိုးသတ်သွားမည့်
# ချန်ပီယံစိန်ခေါ်ပွဲအားဖျက်သိမ်းကြောင်း ဂွတ်မန်းအတည်ပြု

တိုကျို ဇန်နဝါရီ ၁၁

WBA (Super)၊ WBC၊ IBF၊ WBO ဘင်တန်ဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲအဖြစ် လက်ရှိချန်ပီယံ ဂျပန်လက်ဝှေ့သမားနာအိုယာသည် စိန်ခေါ်သူ ဩစတြေးလျလက်ဝှေ့သမားဂွတ်မန်းနှင့် ဇန်နဝါရီ ၂၄ ရက်နေ့တွင် ဂျပန်နိုင်ငံတိုကျိုမြို့၌ ထိုးသတ်သွားရန် စီစဉ်ထားသော်လည်း ဂွတ်မန်းသည် လေ့ကျင့်ရေးအစီအစဉ်တွင် မျက်လုံးဒဏ်ရာရရှိခဲ့သည့်အတွက် စိန်ခေါ်ပွဲအား ဖျက်သိမ်းကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂွတ်မန်းသည် လေ့ကျင့်ရေးအစီအစဉ်တွင် ခရစ္စမတ်ကာလက လည်းတစ်ကြိမ် ဒဏ်ရာရရှိခဲ့သည်။

ယင်းဒဏ်ရာ သက်သာလာပြီဖြစ်သည့်အတွက် လေ့ကျင့်မှုများ ထပ်မံပြုလုပ်ခဲ့ရာတွင် မျက်လုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာအား ပျောက်ကင်းသက်သာလာရန် အချိန်ပေးရမည်ဖြစ်သည့်အတွက်ကြောင့် စိန်ခေါ်ပွဲအားစိတ်မကောင်းစွာဖြင့် ဖျက်သိမ်းခဲ့ရခြင်း ဖြစ်ကြောင်းလည်း ဂွတ်မန်း၏ Promotion ကုမ္ပဏီဖြစ်သည့် No Limit Boxingကုမ္ပဏီက ထုတ်ပြန်ကြေညာခဲ့သည်။

No Limit Boxingကုမ္ပဏီက "ဂွတ်မန်းဟာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှာ နာအိုယာနဲ့ ထိုးသတ်သွားရမယ့် စိန်ခေါ်ပွဲကို ထိုးသတ်နိုင်တော့မှာ မဟုတ်တဲ့အကြောင်း No Limit Boxingကုမ္ပဏီအနေနဲ့ အသိပေး ထုတ်ပြန်အပ်ပါတယ်။ နာအိုယာဟာ လေ့ကျင့်ရေးအစီအစဉ်မှာ လေ့ကျင့်မှုပြုလုပ်စဉ် မျက်လုံးဒဏ်ရာ ရခဲ့တဲ့အတွက်ကြောင့် စိန်ခေါ်ပွဲကိုဖျက်သိမ်းဖို့ စိတ်မကောင်းစွာနဲ့ ဆုံးဖြတ်လိုက်ရတာဖြစ်ပါတယ်။ဂွတ်မန်းအနေနဲ့လဲ ဒဏ်ရာအမြန်ဆုံး သက်သာလာပါစေလို့ဆုတောင်းပေးပါတယ်" ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# အမေရိကန်၏ လေကြောင်းအသာစီးရရှိမှုကိုစိန်ခေါ်လိုက်သော တရုတ်၏ J-36 ကိုယ်ပျောက်တိုက်လေယာဉ်

တရုတ်နိုင်ငံသည် မျိုးဆက်သစ် ကိုယ်ပျောက်တိုက်လေယာဉ်တစ်စင်းဖြစ်သည့် J-36 ကိုထုတ်ဖော်ပြသခဲ့ရာ လေကြောင်းတိုက်ခိုက်မှုစွမ်းရည်ကို ပြန်လည်သတ်မှတ်နိုင်ပြီး အာရှဒေသတွင် အမေရိကန်၏ လေကြောင်းလွှမ်းမိုးမှုအပေါ် စိန်ခေါ်မည့် အလားအလာရှိလာနိုင်ပေသည်။ ၎င်းလေယာဉ်သည် အခြားတိုက်လေယာဉ်များကဲ့သို့ အမြီးမပါရှိဘဲ အဆင့်မြင့်တင်ထားသည့် ထောင့်ချိုးပုံစံတောင်ပံပါရှိသည်။

၎င်းတိုက်လေယာဉ်၏ အသေးစိတ်အချက်အလက်များကို တိတိကျကျထုတ်ပြန်ခြင်းမရှိသေးသော်လည်း ချန်ဒူးလေယာဉ်ကော်ပိုရေးရှင်း(CAC) က တည်ဆောက်ထုတ်လုပ်သွားမည်ဖြစ်သည်။ ယခင်တည်ဆောက်ထားသည့် J-35 တိုက်လေယာဉ်ကဲ့သို့ပင် J-36 ကိုယ်ပျောက်တိုက်လေယာဉ်အမြောက်အမြား ထုတ်လုပ်သွားမည်ဖြစ်သည်။ လေယာဉ်ဒီဇိုင်းပုံစံသည် တရုတ်နိုင်ငံ၏ အဆင့်မြင့်လေကြောင်းစွမ်းအား တည်ဆောက်သွားမည့် မျှော်မှန်းချက်စိတ်ဆန္ဒနှင့် ကိုက်ညီလျက်ရှိပြီး ကိုယ်ပျောက်စွမ်းအားနှင့် တာဝေးပျံသန်းနိုင်မှုစွမ်းဆောင်ရည်များကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ အမြီးမပါသောဖွဲ့စည်းတည်ဆောက်မှုပုံစံသည် ရေဒါအချက်ပြထုတ်လွှတ်မှုလျှော့ချရန်နှင့် ဝေဟင်တွင်ပုံစံအမျိုးမျိုးဖြင့် ပျံသန်းနိုင်မှုမြင့်တင်နိုင်ရန် ရည်ရွယ်ထားရှိသည်။

လေယာဉ်၏ အင်ဂျင်သုံးလုံးသည် မြန်နှုန်းမြင့်ပျံသန်းနိုင်ရန်နှင့် မြင့်မားသည့်နေရာတွင် ကြာရှည်တာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်ထားသည်။ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနသည် လေယာဉ်နှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်တစ်စုံတစ်ရာမျှ ထုတ်ပြန်မှုမရှိသေးသော်လည်း တရုတ်နိုင်ငံ၏ ဂျက်တိုက်လေယာဉ်သစ်များကို ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်များအဖြစ် တင်စားပြောဆိုရေးသားလျက်ရှိသည်။

ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်သည် အဆင့်မြင့်တိုက်လေယာဉ်ဖြစ်ပြီး ကိုယ်ပျောက်စွမ်းဆောင်ရည်၊ လိုက်လျောညီထွေထမ်းဆောင်းနိုင်မှုနှင့် နည်းပညာပေါင်းစပ်မှုတို့ ပေါင်းစပ်ပါရှိသည်။ ၎င်းတိုက်လေယာဉ်သည် သက်သောင့်သက်သာရှိစေသော လေယာဉ်ကိုယ်ထည်များ၊ တိုက်ရိုက်အထောက်အကူပြုလက်နက်စနစ်များနှင့် အခြေအနေကိုစောင့်ကြည့်နိုင်သည့် အာရုံခံစနစ်များ ပေါင်းစပ်တပ်ဆင်ထားရှိသည်။

၎င်းတိုက်လေယာဉ်သည် အဆင့်မြင့်ကွန်ရက်ချိတ်ဆက်မှုစွမ်းဆောင်ရည်များနှင့် အခြားသောပလက်ဖောင်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်သော မောင်းသူပါနှင့် မောင်းသူမဲ့တာဝန်နှစ်ရပ်စလုံးကို ထမ်းဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းလေယာဉ်ကို ပျံသန်းမှုစွမ်းဆောင်ရည်မြင့်မားစေရန် တည်ဆောက်ထားသောကြောင့် အလှည့်ကျမောင်းနှင်နိုင်သောအင်ဂျင်များနှင့် တိုက်ရိုက်စွမ်းအင်အကာအကွယ်စနစ်တို့ ပါရှိမည်ဖြစ်သည်။

ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်များသည် ဆိုက်ဘာစစ်ဆင်ရေး စွမ်းဆောင်ရည်များနှင့်အတူ အသုံးပြုမှုကုန်ကျစရိတ်လျှော့ချထားသောကြောင့် အနာဂတ်တာဝန်ထမ်းဆောင်ရာတွင် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရင်း လေကြောင်းလွှမ်းမိုးမှုကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရန် ရည်မှန်းထားရှိသည်။

တရုတ်နိုင်ငံ၏ မျိုးဆက်သစ်တိုက်လေယာဉ်သည် ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်များ ပါရှိဖွယ်ရာရှိသော်လည်း ၎င်းတို့၏စွမ်းဆောင်ရည်များကို အသေးစိတ်ထုတ်ပြန်ထားမှုမရှိသေးပေ။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံ၏ ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်တည်ဆောက်ရေး စိတ်ကူးစိတ်သန်းသည် အနောက်နိုင်ငံထုတ်လေယာဉ်များနှင့် မတူကွဲပြားဖွယ်ရာရှိသောကြောင့် ၎င်း၏ တစ်မူထူးခြားသော လိုအပ်ချက်များကို ထင်ဟပ်စေလျက်ရှိသည်။

J-36 တိုက်လေယာဉ်သည် လေကြောင်းနည်းပညာတွင် သိသာထင်ရှားသောပြောင်းလဲတိုးတက်မှုပင်ဖြစ်သည်။ ထို့ပြင် J-36 တိုက်လေယာဉ်သည် တရုတ်နိုင်ငံတွင် အကြီးမားဆုံးသော တိုက်လေယာဉ်တိုးတက်တည်ဆောက်မှုကြီးဖြစ်ပြီး နှစ်ပေါင်း ၃၅ နှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဒုတိယမြောက် အကြီးမားဆုံးတည်ဆောက်မှုပင်ဖြစ်သည်။



တရုတ်နိုင်ငံ၏ J-36 တိုက်လေယာဉ်ကို တွေ့ရစဉ်။

J-36 တိုက်လေယာဉ်၏ တောင်ပံနှစ်ဖက်ဒီဇိုင်းသည် အသံလွန်စွမ်းဆောင်ရည်များမြင့်တင်ရန်နှင့် ကိုယ်ပျောက်စွမ်းဆောင်ရည်များကို မြှင့်တင်သွားမည်ဖြစ်သည်။ ၎င်းလေယာဉ်သည် ကိုယ်ထည်အရှည် ၂၃ မီတာနှင့် တောင်ပံအရှည် ၁၉ မီတာရှိပြီး တောင်ပံဧရိယာစုစုပေါင်းသည် စတုရန်းမီတာ ၂၀၀ ခန့်ရှိမည်ဖြစ်သည်။

J-36 တိုက်လေယာဉ်၏ လက်နက်ထားသိုရာဝမ်းဗိုက်နေရာသည် ၇ ဒသမ ၆ မီတာခန့်ရှိပြီး ဘေးတစ်ဖက်တစ်ချက်စီတွင်လည်း လက်နက်ငယ်များထားသိုရန် နေရာများပါရှိသောကြောင့် လက်နက်သယ်ဆောင်နိုင်စွမ်းမြင့်မားစေမည်ဖြစ်သည်။ အထူးသဖြင့် အင်ဂျင်သုံးလုံးသည် ပျံသန်းနိုင်မှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အတွက် ကိုယ်ပျောက်စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ မျိုးဆက်သစ်လေကြောင်းစွမ်းအားအဆင့်မြှင့်တင်မှုများကို ယှဉ်ပြိုင်ရာတွင် အမေရိကန်၏ ကြိုးပမ်းအားထုတ်မှုများသည် ကစဉ့်ကလျားဖြစ်လျက်ရှိသည်။ အမေရိကန်လေတပ်သည် ဘတ်ဂျက်ကန့်သတ်ချက်များ၊ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့်တိုးတက်လာမှုများနှင့် လက်နက်တပ်ဆင်ထားသောဒရုန်းများက တိုးတက်လာသော ခြိမ်းခြောက်မှုများကြောင့် မျိုးဆက်သစ်လေကြောင်းလွှမ်းမိုးမှု(NGAD) တိုက်လေယာဉ်ထုတ်လုပ်မှုအစီအစဉ်ကို ပြန်လည်စဉ်းစားသုံးသပ်ရလျက်ရှိသည်။

အမေရိကန်လေတပ်ဝန်ကြီး ဖရန့်ခ်ကန်ဒေါသည် မျိုးဆက်သစ်လေကြောင်းလွှမ်းမိုးမှု (NGAD) တိုက်လေယာဉ်ထုတ်လုပ်မှုအစီအစဉ်ရပ်ဆိုင်းကြောင်းကို ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် လက်နက်ဝယ်ယူရေးအကြီးအကဲ အင်ဒရူးဟန်တာက လိုအပ်ချက်များကို ပြန်လည်ဆန်းစစ်ရန် သုံးသပ်သွားမည်ဟုဆိုသည်။ F-35၊ F-15EX နှင့် F-22 ကဲ့သို့သော တည်ရှိဆဲလေယာဉ်များနှင့် ပေါင်းစပ်တိုက်ပွဲဝင်လေယာဉ်(CCA) ကဲ့သို့သော နည်းပညာများကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် လေကြောင်းအသာစီး ရရှိနိုင်မည်လားဆိုသည့် အချက်ကို စဉ်းစားသုံးသပ်ဆောင်ရွက်ရလျက်ရှိသည်။ သိသာထင်ရှားသည့်အချက်များမှာ NGAD တိုက်လေယာဉ်ထုတ်လုပ်မှုအစီအစဉ်၏ ကုန်ကျစရိတ်ကြီးမားမှုပင်ဖြစ်ပြီး လေယာဉ်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ခန့် ကုန်ကျမည်ဖြစ်သည်။ ထို့ပြင် အမေရိကန်လေတပ်သည် F-35 အဆင့်မြှင့်တင်မှုအစီအစဉ် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်လျက်ရှိသည့်အပြင် B-21 Raider နှင့် Sentinel တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(ICBM) အစီအစဉ်များလည်း နှောင့်နှေး ကြန့်ကြာနေခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံ၏ လက်ရှိလေတပ်ခေတ်မီအဆင့်မြှင့်တင်မှုလုပ်ငန်းများသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးဂယက်ရိုက်ခတ်မှုများဖြစ်ပေါ်နေသည့်အချိန်တွင် တရုတ်နိုင်ငံ၏ စစ်ရေးမဟာဗျူဟာတွင် အရေးပါသောအရွေ့ကို ထင်ဟပ်စေလျက်ရှိသည်။ J-20 တိုက်လေယာဉ်နှင့် လက်ရှိသုတေသနပြုထုတ်လုပ်လျက်ရှိသည့် ဆဋ္ဌမမျိုးဆက်စနစ်များကဲ့သို့သော ကိုယ်ပျောက်စွမ်းဆောင်ရည်ရှိသည့်လေယာဉ်များအပါအဝင် အဆင့်မြင့်တိုက်လေယာဉ်များ၊ ဒီဇိုင်းများမိတ်ဆက်ခြင်းသည်အမေရိကန်နှင့် ၎င်း၏မဟာမိတ်များစွမ်းဆောင်ရည်များကိုသာလွန်ရေးဆိုသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ် (PLAAF) ၏ ရည်မှန်းချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် တရုတ်စစ်ရေးစွမ်းအားအစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါတိုးတက်လာမှုများသည် လေကြောင်းလွှမ်းမိုးမှုအတွက် ပေါင်းစပ်ချဉ်းကပ်မှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည့်အတွက် ကွန်ရက်ဗဟိုပြုစစ်ဆင်ရေးများ၊ အီလက်ထရွန်နစ်စစ်ဆင်ရေး စွမ်းဆောင်ရည်များနှင့် အဆင့်မြင့်ဒုံးကျည်ပလက်ဖောင်းများအပေါ် အလေးထားလုပ်ဆောင်လျက်ရှိကြောင်း ၎င်းအစီရင်ခံစာ၌ ကောက်ချက်ချထားသည်။

လေတပ်လေကြောင်းတပ်ဖွဲ့များ ပြောင်းလဲဖွဲ့စည်းပြီး လေကြောင်းရန်ကာကွယ်ရေးစနစ်များကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်သို့ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် တရုတ်နိုင်ငံသည် ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုစွမ်းဆောင်ရည်များကို လိုက်လျောညီထွေဆောင်ရွက်နိုင်ရန် ရည်မှန်းထားသောကြောင့် ပထမကျွန်းတန်းအတွင်းနှင့် ပြင်ပတို့တွင် အာဏာဖြန့်ကြက်နိုင်မှုစွမ်းဆောင်ရည်ကို မြှင့်တင်စေနိုင်မည်ဖြစ်သည်။

ပြည်တွင်းထုတ်လုပ်မှုနှင့် နောက်ဆုံးပေါ်နည်းပညာများအပေါ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်၏ အလေးထားဆောင်ရွက်မှုသည် AI(ဉာဏ်ရည်တု)နှင့် ကွန်တန်ကွန်ပျူတာပေါင်းစပ်ထားသည့် ထောက်လှမ်းရေးသတင်းအချက်အလက်အခြေပြုစစ်ဆင်ရေးဆင်နွှဲသွားမည့် တရုတ်နိုင်ငံ၏ ကျယ်ပြန့်သောစစ်ရေးရည်မှန်းချက်များနှင့် ကိုက်ညီလျက်ရှိသည်။ အဆိုပါအဆင့်မြင့်တိုးတက်လာမှုများသည် အမေရိကန်၏လေကြောင်းအသာစီးရရှိမှုကို စိန်ခေါ်လျက်ရှိသည့်အပြင် တောင်တရုတ်ပင်လယ်နှင့် ထိုင်ဝမ်ရေလက်ကြားတို့တွင် စွန့်စားရနိုင်ခြေများ မြင့်တက်လာနိုင်ပေသည်။ တရုတ်နိုင်ငံ၏ စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်မှုလုပ်ငန်းများသည် လက်တွေ့အကောင်အထည်ပေါ်လာပြီဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများ၏ မဟာဗျူဟာမြောက်တွက်ချက်မှုများကို အပြောင်းအလဲဖြစ်ပေါ်စေပြီး အမေရိကန်နှင့် ၎င်း၏မဟာမိတ်များ အထူးသဖြင့် အင်ဒို-ပစိဖိတ်ဝေဟင်အတွက် ကာကွယ်ရေးစီမံကိန်းများရေးဆွဲရာ၌ သိမ်မွေ့နက်နဲ၊ ရှုပ်ထွေးနက်နဲလာစေတော့မည်ဖြစ်သည်။

အထူးသဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်သည် အမေရိကန်လေတပ်၏ Next Generation Air Dominance(NGAD)ကဲ့သို့ပင် မျိုးဆက်သစ်တိုက်လေယာဉ်များ တည်ဆောက်သွားရန် စီမံကိန်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားရှိသည့် တရုတ်အာကာသကော်ပိုရေးရှင်းများသည် လက်ရှိအချိန်တွင် လုပ်ငန်းအတွေ့အကြုံကို မျှဝေဆောင်ရွက်လျက်ရှိရာ ချန်ဒူးလေယာဉ်ကော်ပိုရေးရှင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်၏ ဆဋ္ဌမမျိုးဆက်သစ်တိုက်လေယာဉ်များတည်ဆောက်ရေးအတွက် အလားအလာရှိသော ကန်ထရိုက်တာတစ်ဦးပင်ဖြစ်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်လေတပ်(PlAAF)ကို ၁၉၄၉ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ လက်ရှိအချိန်တွင် တပ်ဖွဲ့ဝင်အင်အား ၄၀၀၀၀၀ ကျော်ရှိပြီး လေယာဉ်အစင်းရေ ၃၅၁၀ ခန့် ပိုင်ဆိုင်ထားရှိသည်။ မည်သို့ပင်ဆိုစေ ကမ္ဘာ့တိုက်စွမ်းအားအဆင့်(၃)ရှိသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အားလုံးကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိရာ လေတပ်စွမ်းအားကိုလည်း အချိန်နှင့်တစ်ပြေးညီ တည်ဆောက်လျက်ရှိသည်။ ထို့ကြောင့် ကိုယ်ပိုင်တိုက်လေယာဉ်များ တိုးတက်တည်ဆောက်လျက်ရှိသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ် (PLAAF) သည် အနာဂတ်တွင် စွမ်းဆောင်ရည်မြင့်မားသည့် လေတပ်အဖြစ် ရပ်တည်လာနိုင်တော့မည်ဖြစ်ပေသည်။

**ကိုးကား**

- **China's J-36 stealth fighter another blow to US air superiority by Asia Times.**

**ဝင်းဇင်(သုတေသန)**

# ရွှေတိဂုံစေတီတော်ကြီးသို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးရဟန်းရှင်လူပြည်သူ ခုနစ်သိန်းကျော် လာရောက်ဖူးမြော်



**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်ကြီးသို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တစ်လတာကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ရဟန်းရှင်လူပြည်သူ ခုနစ်သိန်းကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှသိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစတင်ကာ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး အဆိုပါ ရွှေသင်္ကန်းများ ကပ်လှူပြီးချိန် ၂၀၂၅ ခုနှစ် မေလတွင် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာ ပြည်ပခရီးသွား ဦးရေ ၈၀၀၀ ကျော် လာရောက်ဖူးမြော်လေ့လာခဲ့ကြပြီးတော့ အနယ်နယ်အရပ်ရပ်က ရဟန်းတော်အပါး ၁၅၀၀၀ ကျော်၊ သာသနာ့အနွယ်ဝင် သီလရှင်အပါး ၈၇၀၀ ကျော်၊ အမျိုးသားဦးရေ၃၂၀၀၀၀ ကျော်၊ အမျိုးသမီးဦးရေ ၃၅၀၀၀၀ တို့ လာရောက်ဖူးမြော်ခဲ့ကြပါတယ်။ လက်ရှိဇန်နဝါရီလမှာတော့ တစ်နေ့ကို ဘုရားဖူးဦးရေ ၁၂၀၀၀ လောက် လာရောက် ဖူးမြော်လျက်ရှိပါတယ်" ဟု ဦးဘိုးသင်းက ပြောပြသည်။

လက်ရှိကာလတွင် ဘုရားဖူးပြည်သူ များပြားလာခြင်းကြောင့် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရန် ရွှေတိဂုံစေတီတော်ကြီးကို ၂၀၂၄ ခုနှစ် ဇွန် ၂၁ ရက်မှစတင်ကာ နံနက် ၄ နာရီမှ ည ၁၀ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ **ASH**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် နာဂတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် နာဂတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ ဇန်နဝါရီ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးအောင်ထွဋ်က ပြောပြ၍ သိရသည်။

နာဂ တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီးမြို့၊ လဟယ်မြို့နှင့် နန်းယွန်းမြို့ တို့တွင် အလှည့်ကျစနစ်ဖြင့် နှစ်စဉ် စည်ကားစွာကျင်းပလေ့ရှိပြီး ၂၀၂၅ ခုနှစ် နာဂတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို လဟယ်မြို့တွင် ကျင်းပရန် အလှည့်ကျသည့်အတွက် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နာဂ တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂဒေသ မြို့သုံးမြို့မှာ အလှည့်ကျ ကျင်းပလေ့ရှိပါတယ်။ ဒီလိုကျင်းပတဲ့အတွက် နာဂတိုင်းရင်းသား ညီအစ်ကို မောင်နှမအချင်းချင်း ရင်းနှီးမှုပိုစေပြီးတော့ ဒေသဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်စေမှာ ဖြစ်ပါတယ်။ နာဂတိုင်းရင်းသားတွေရဲ့ နှစ်သစ်ကူးပွဲတော်မှာ နာဂတိုင်းရင်းသားရိုးရာအကတွေနဲ့ဖျော်ဖြေမှုတွေအပြင် နှစ်သစ်ကူးပွဲတော်လာ ပရိသတ်တွေကို ရိုးရာပန်တုံးကို တီးခေါက်ပြီးတော့ ရိုးရာအစားအစာများနှင့် ဧည့်ခံကျွေးမွေးမဲ့ အစီအစဉ်တွေလဲ ပါရှိပါတယ်"ဟု ဦးအောင်ထွဋ်က ပြောပြသည်။



ယခင်နှစ်က နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကိုတွေ့ရစဉ်။

အဆိုပါ နာဂတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပမည့် ဇန်နဝါရီ ၁၅ ရက်သည် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုအသင်း (ဗဟို) ၏ ၃၅ နှစ်ပြည့် ကျောက်စိမ်းရတုနှင့်လည်း တိုက်ဆိုင်နေကြောင်း၊ ကျောက်စိမ်းရတု အထိမ်းအမှတ် နာဂရိုးရာနှစ်သစ်ကူး အားကစားပြိုင်ပွဲများကို ခန္တီးမြို့၊နာဂရိုးရာအားကစားကွင်းတွင် ဇန်နဝါရီ ၇ ရက်မှ စတင်ကာ ဇန်နဝါရီလ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# မောက်မယ်မြို့နယ် ရွာသစ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မောက်မယ် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မောက်မယ်မြို့နယ် ရွာသစ်ကျေးရွာ၌ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ ဦးစီးအရာရှိ ဒေါ်မာမာထွေး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ရွာသစ်ကျေးရွာ၌ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရွာတွင်းကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရွာသစ်ကျေးရွာ၌ လမ်းအရှည် ပေ ၇၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၉ သန်း၊ စုစုပေါင်းငွေကျပ် ၁၈ ဒသမ ၉ သန်း အသုံးပြု၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# The Dark Knight ဇာတ်ကား၌ မင်းသား အာမီဟမ်းမား ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇန်နဝါရီ ၁၁**

မင်းသားအာမီဟမ်းမားသည် အနုပညာလောကတွင်းသို့ တစ်ကျော့ပြန်ဝင်ရောက်နိုင်ရန် ကြိုးစားနေပြီး The Dark Knight ဇာတ်ကားအမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား အာမီဟမ်းမားသည် The Dark Knight အမည်ရှိ ရာဇဝတ်မှုများကို လိုက်လံနှိမ်နင်းသည့် တစ်ကိုယ်တော် တစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Dark Knight ဇာတ်ကားကို ဒါရိုက်တာယူစီဘိုးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Dark Knight ဇာတ်ကားကို ဇန်နဝါရီ ၂၇ ရက်တွင် ခရိုအေးရှားနိုင်ငံ၌ စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

မင်းသားအာမီဟမ်းမားသည် အမျိုးသမီးများအပေါ် အနိုင်အထက် ပြုကျင့်ခဲ့သည်ဟူသော စွပ်စွဲချက်ကြောင့် နာမည်ပျက်ခဲ့ရပြီး ၂၀၂၁ ခုနှစ်မှစ၍ ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်မှုရပ်ထားသူဖြစ်ကြောင်း သိရသည်။

The Dark Knight ဇာတ်ကားသည် ဒါရိုက်တာ ယူဝီဘိုးအတွက် ၃၅ ကားမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# The Running Man ဇာတ်ကား၌ မင်းသား ကိုးမင်းဒိုမင်ဂို ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၁၁**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ The Running Man ဇာတ်ကားတွင် မင်းသား ကိုးမင်းဒိုမင်ဂိုပါဝင်သရုပ်ဆောင် မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

The Running Man ဇာတ်ကား၌ မင်းသား ကိုးမင်းဒိုမင်ဂိုသည် မင်းသား ဂလန်းပိုဝဲနှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

The Running Man ဇာတ်ကားသည် ကမ္ဘာကျော် အမေရိကန်စာရေးဆရာ စတီဗင်ကင်း၏ ခေါင်းစဉ်တူ ထိတ်လန့်သည်းဖိုဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Running Man ဇာတ်ကားကို ဒါရိုက်တာ အဂ္ဂါရိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Running Man ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ အဂ္ဂါရိုက်က ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်ဘာကောနှင့်အတူ ပူးတွဲရေးသားခဲ့သည်။

The Running Man ဇာတ်ကားကို ယခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets MSME entrepreneurs in PyinOoLwin, and discusses regional development and increase in local goods production





Senior General Min Aung Hlaing meets MSME entrepreneurs in PyinOoLwin.

**Nay Pyi Taw January 11**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met MSME entrepreneurs from PyinOoLwin, Mandalay Region this morning at PyinOoLwin Town Hall in PyinOoLwin and discussed regional development and increase in production of local goods.

Also present together with the Senior General were Joint SAC Secretary General Ye Win Oo, union ministers Admiral Moe Aung, U Khin Maung Yi, Dr Charlie Than, Mandalay Region Chief Minister U Myo Aung, senior military officers from Office of Commander-in-Chief, the Central Command commander, departmental officials of PyinOoLwin District, and MSME entrepreneurs from the district.

**Regional facts and requirements presented**

PyinOoLwin District Management Board Chair District Commissioner U Thant Zaw Oo reported on salient points of the area and farming, MSMEs operations and coordinated efforts for the success of MSMEs in the district, progress in implementing the directives given by the Head of State during his visit to PyinOoLwin in 2024, development undertakings for the district and MSMEs, and ongoing efforts for improvement of social lives of the locals.

MSME entrepreneurs then presented reports on business-wise operations, difficulties encountered and requirements, the State's involvement in reducing the coffee production cost, and other requirements.



Senior General Min Aung Hlaing views local foodstuffs.

**Sector-wise clarification on the reports**

In response, the union ministers gave sector-wise explanations on field tours to address the problem of electricity requirement, plans to coordinate with relevant ministries to look into the requirements of dairy production business, holding of an Union-level MSME production exhibition of regions and states in Nay Pyi Taw on the coming Union Day, State's support for development of industries and farming-based industrial business, issuance of agricultural land in accord with the rules and policy, establishment of coffee plantations in accord with the rule as it amounts to implementing the green economy as the plantations need shade trees, the need to preserve natural beauties of the district where trees cover 18.87% of its surface area.

The chief minister gave a supplementary clarification on the necessary support provided by Mandalay Region government for MSME development in the district, and the priority given to improvement of social and economic sectors of the area.

**Requirements for regional development and local production growth discussed**

As regards the presentations, the Senior General said the meeting was held to provide means for MSME development in the district. Although the quality of local products is good, some areas need standard packaging process.

Basically, policies have been adopted for MSMEs and the pivotal and key requirement of a product is raw material. In this regard, the availability of raw materials locally is a must. PyinOoLwin is producing dairy productions, wheat and flour-based products and fruit-based goods. Market research must be carried out to know and popular goods and they must be manufactured in large quantities through standard procedures for export purposes.

**Development of farm-based production industries**

MSMEs need adequate raw materials, technology, inputs and capital. Production business must be beneficial, and 65% of country's MSMEs are food producers. The percentage of other industries such as personal goods producers and machine tool producers is still low. The availability of raw materials for food industries depend on the success of farming business.

As for the electricity requirement for production industries, manageable-scale solar-power plants can be set up. The State is setting up solar-power generation industries. The State is facing difficulties in fulling producing and distributing electricity due to the inability of the plants to fully generate power, destruction of power plants and towers by terrorists, inadequacy of gas supply. Some of the State's power plant projects came to a halt due to protests and other reasons. If all the power projects started in 2005 can be successfully implemented, the country will have enough electricity supply by now. But various attempts to disturb the power projects had stopped them.

In its tenure, the government encouraged the projects of generating electricity from solar energy implemented a short term due to difficulties in electric power sector. Upon completion, these projects will produce electricity sufficiently.

The government spends a large sum of foreign currency in importing fuel which is one of the inputs yearly. Using locally made foodstuffs,

*See Page 13*



Senior General Min Aung Hlaing inspects the tree at the National Kangdawgyi Gardens in PyinOoLwin.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla ask about health of Presiding Patron of Maha Wizitayon Pariyatti Buddhism Learning Centre of Mandalay, attend to needs


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla ask about the health of Presiding Patron of Maha Wizitayon Pariyatti Buddhism Learning Centre of Mandalay.


Senior General Min Aung Hlaing offers alms to Presiding Patron of Maha Wizitayon Pariyatti Buddhism Learning Centre of Mandalay.

**Nay Pyi Taw January 11**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by officials, visited Presiding Patron of Maha Wizitayon Pariyatti Buddhism Learning Centre of Chanayethazan Township in Mandalay State Ovadacariya Abhidhaja Maharatthaguru Abhidhaja Maha Saddhamajotika Bhaddanta Vicarindabhivamsa (aged 97, monkhood 77 years) of Chan Aye Tharzan Township, Mandalay region, who was receiving treatments at Defence Services Hospital in PyinOolwin, this morning.

First, the Senior General and wife and party paid homage to the Sayadaw and asked about healthcare services provided to the Sayadaw. Responsible officials reported to the Senior General on healthcare services provided. After hearing the reports, the Senior General gave instructions on taking care of the Sayadaw round the clock, provision of healthcare services in real time and other necessary measures.

Then, the Senior General and wife offered alms, medicines, nutritional supplement bird nests, food and cash donations. 100


Senior General Min Aung Hlaing visits the National Kandawgyi Garden.

*From Page 12*

personal goods and clothes can reduce spending of foreign exchange, contributing much to economic development of the State. Hence, it is necessary to encourage locally made products and sustain State economy.

**Needs to systematic utilization of arable lands efficiently**

It is necessary to restrict operation of non-agricultural tasks on the cultivable lands, and it is manage to implement agricultural projects under the prescribed disciplines to have success. It can be seen that some persons who have taken farmlands construct housings on the agricultural lands and set plots for buildings. They have to submit proposals for using the farmlands in other forms under laws and regulations by seeking approvals at different levels. As such, officials need to supervise these issues. It is necessary to systematically manage quality strains, fertile soil, water and agricultural techniques for boosting per-acre yield of crops. As PyinOoLwin is located in the temperate area, wheat can thrive there.

Operating MSME production requires technology, machinery and skilled human resources for manufacturing quality products. As dairy products in PyinOoLwin are in high quality, if other dairy products are produced in addition to existing products, businesspersons will have greater success. If advanced wine can be produced, it can grasp market shares. Coffee from PyinOoLwin meeting set standards has occupied a market share. It is necessary to manufacture quality foodstuffs with the use of basic agricultural produce of PyinOoLwin. Likewise, as PyinOoLwin has sound foundations to operate livestock breeding farms, efforts must be made to secure success in livestock breeding sector and frozen meat must be produced.

PyinOoLwin is famed as a recreation city named as the cherry city as well as a flowery city. As it is a peaceful and prosperous city, policies have been adopted for education and healthcare services so as to shape it as an education city and a healthy city. The government is fulfilled the needs for beautifying the city. Residents have to participate in following disciplines for visitors to take relaxation enjoying beauties of the city with physical and mental well-being. If city dwellers systematically dispose garbage, PyinOoLwin will become a clean city. Likewise, they grow trees and flowery plants, the city will be a green city. Administrative authorities have to lead the people in all process. As the government is making efforts to improve the State, everyone has to join hands with the government in these measures.

**Viewing round domestic foodstuffs**

After the meeting, the Senior General and party cordially greeted MSME businesspersons and coffee entrepreneurs and interestingly viewed round the domestic coffee products and foodstuffs. The Senior General asked about the market share of these products, and officials conducted the Senior General and part round the exhibition.

At National Kandawgyi Garden, the Senior General, his wife and party looked into holding the 17th flower festival to mark the 100th anniversary of the garden and cordially greeted the visitors.

After inspecting 100 years old Gimkgo Biloba plant, the Senior General instructed officials to systematically conserve the tree. Ginkho Biloba tree is a famous species in China, Japan and western countries. Ginkgo trees are covered with yellow leaves in autumn in many provinces of China, and some of them are lasting for thousands of years.

The Senior General and his wife planted a cherry tree to mark the centennial celebration of the garden and fed fish and goose in the lake after visiting the Kandawgyi Garden.

Chief Executive Officer U Yazar Htwe of the company as well as in-charge of the garden reported on grandly holding the flower festival, efforts for existence of the garden and plans to build new fences. The Senior General gave guidance on systematic keeping the documentary photos of the 17th flower festival and display of them at a gallery, greening of the garden and beautification, and proper flow of water at the lake.

The CEO of the company presented a gift to mark the centennial celebration of the garden to the Senior General. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်လေတပ်က ဒေါ်လာသန်း ၁၀၀ တန်ဒရုန်းဝယ်ယူရေးစာချုပ် Firestorm Labs ကုမ္ပဏီနှင့် ချုပ်ဆို



အမေရိကန်လေတပ်သည် Firestorm Labs ကုမ္ပဏီနှင့် အမေရိကန် ဒေါ်လာသန်း ၁၀၀ တန် ဒရုန်းဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစီမံကိန်းတွင် Firestorm Labs ကုမ္ပဏီအနေဖြင့် အသုံးချအက်ပလီကေးရှင်းများစွာအတွက် ဒရုန်းများ၊ ဆက်စပ်ပံ့ပိုးကူညီမှု၊ ဝန်ဆောင်မှုများနှင့် သုတေသန တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း သိရသည်။

ပင်တဂွန်စစ်ဌာနချုပ်၏ သတင်းထုတ်ပြန်ချက်အရ အဆိုပါသဘောတူညီချက်သည် ဖလော်ရီဒါပြည်နယ်ရှိ အမေရိကန်လေတပ်၏ Eglin လေတပ်စခန်း၊ ဆန်းသစ်တီထွင်မှုလက်ရုံးတပ်ဖွဲ့ AFWERX တွင် ဒရုန်းများကို ပေါင်းစည်းအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်သည် အဆင့်မြင့် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို ကာကွယ်ရေးနယ်ပယ်အသီးသီးတွင် ပေါင်းစည်းအသုံးပြုနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်နေသည့် စစ်ဘက်နှင့်ဖက်ဒရယ်စီမံကိန်းများဖြစ်သော Adaptive Air Enterprise၊ Hale Cluster နှင့် Babbage Flock အစပြုဆောင်ရွက်နေမှုများကိုလည်း ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။ ထို့ပြင် အပြန်အလှန်အသုံးပြုနိုင်သော စက်ပစ္စည်းများအတွက် စက်ရုပ်နှင့်အလိုအလျောက် လုပ်ဆောင်နိုင်သည့် ပလက်ဖောင်းများနှင့်သက်ဆိုင်နေသော ဆက်စပ်လုပ်ငန်းများအတွက်လည်း အကျိုးဝင်မည်ဖြစ်သည်။ Firestorm Labs ကုမ္ပဏီသည် San Diego မြို့တွင်အခြေစိုက်၍ စာချုပ်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၃၁ ခုနှစ် ဒီဇင်ဘာလတွင် အပြီးသတ်နိုင်ရန် မျှော်မှန်းထားကာ လေထဲတွင် ၃၆ နာရီကြာ ပျံသန်းနိုင်မည်ဖြစ်သည်။

Firestorm Labs ကုမ္ပဏီက 3D ပရင်တာများအသုံးပြု၍ ထုတ်လုပ်ထားသော Tempest 50 ဒရုန်းသည် အလေးချိန် ၅၅ ပေါင်ရှိပြီး ကိုယ်ထည်အလျား ခြောက်ပေနှင့် တောင်ပံအလျား ခုနစ်ပေ ရှိကာ ဖောက်ခွဲရေးပစ္စည်းများအပါအဝင် Payload များကို အလေးချိန် ၁၀ ပေါင်ထိ သယ်ဆောင်ပျံသန်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ပြောင်းလွယ်ပြင်လွယ်တပ်ဆင်ဖြုတ်သိမ်းနိုင်သောဒရုန်း၏ ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းသည် အလားတူ ဝိသေသလက္ခဏာများရှိသောတောင်ပံပုံသေတပ် အခြားဒရုန်းအမျိုးအစားများနှင့် နှိုင်းယှဉ်လျှင် ထုတ်လုပ်မှုကုန်ကျစရိတ် ငါးပုံတစ်ပုံသာရှိပြီး တပ်ဆင်ထုတ်လုပ်ရန် အချိန်ကာလအားဖြင့် ဆယ်ပုံတစ်ပုံခန့်သာ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

Firestorm Labs ကုမ္ပဏီသည် အထူးသဖြင့် ၎င်း၏အထူးပြု 3D ပုံနှိပ်လုပ်ငန်းများဖြင့် လုပ်ဆောင်နေသည့် စီမံကိန်းများကို ချဲ့ထွင်နိုင်ရန်အတွက် Lockheed Martin ကုမ္ပဏီဦးဆောင်သော ကုမ္ပဏီအုပ်စုထံမှ ကနဦးရန်ပုံငွေတစ်ရပ်အဖြစ် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ သန်းကို ယခင်နှစ်အတွင်းက ရရှိခဲ့သည်။ San Diego စီးပွားရေးဂျာနယ်နှင့် အင်တာဗျူးတစ်ခုတွင် Firestorm Labs ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Dan Magy က လက်ရှိလည်ပတ်နေသော San Diego မြို့ မရိန်းတပ်ဖွဲ့လေတပ်စခန်းတောင်ဘက်၊ အကျယ်အဝန်း စတုရန်းပေ ၁၅၀၀၀ ရှိ ကုမ္ပဏီဌာနချုပ်နေရာကို လေတပ်စခန်းမြောက်ဘက်၊ အကျယ်အဝန်း ၃၂,၅၀၀ စတုရန်းပေရှိသောမြေကွက်လပ်၌ ပြောင်းရွှေ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ Firestorm Labs ကုမ္ပဏီသည် Tempest ဒရုန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုသေးငယ်သော ကိုယ်ထည်ဖြင့် တည်ဆောက်ထားသည့် အယ်လ်နီညိုအမည်ရှိ ဒုတိယမြောက် ဒရုန်းတစ်စင်းကိုလည်း တီထွင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**California Startup Wins $100M Drone Contract From US Air Force ကို ဘာသာပြန်ဆိုထားပါသည်။**

## အီတလီကြည်းတပ်က လေကြောင်းရန်ကာကွယ်ရေးစနစ် လေးစုံဝယ်ယူရန် Rheinmetall ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့

အီတလီကြည်းတပ်သည် ဒုံးကျည်များ၊ အမြောက်များနှင့် မော်တာကျည်များကို တန်ပြန်တိုက်ခိုက်နိုင်ရန်တွင် Skynex ၃၅ မမ လေကြောင်းရန်ကာကွယ်ရေးစနစ် လေးစုံဝယ်ယူရန် အီတလီအခြေစိုက် Rheinmetall ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီတလီကြည်းတပ် ဗိုလ်ချုပ်ကြီး Carmine Masiello သည် ရောမမြို့ရှိ အီတလီကြည်းတပ် Rheinmetall Italia S.p.A. ဌာနချုပ်သို့ လာရောက်လည်ပတ်ခဲ့ပြီးနောက် အီတလီတပ်ဖွဲ့များကို ၂၀၂၄-၂၀၂၆ ခုနှစ် ဘက်စုံစီမံကိန်းစာရွက်စာတမ်းများအရ Skynex လေကြောင်းရန်ကာကွယ်ရေးစနစ်များ တပ်ဆင်ပေးရန် ရည်ရွယ်ချက်ကို အတည်ပြုပြောကြားခဲ့သည်။

ဤစာရွက်စာတမ်းအရ အလုံးစုံလိုအပ်ချက်အတွက် ယူရိုသန်း ၄၀၀ ထိ အသုံးပြုရန်ခန့်မှန်းထားပြီး ကာကွယ်ရေးအသုံးစရိတ်ကို လေးနှစ်အတွင်း လက်ရှိဘဏ္ဍာရေးရန်ပုံငွေမှ ယူရိုသန်း ၈၀ ခွဲဝေပေးထားခြင်းဖြစ်သည်။ အစီအစဉ်တွင် လက်နက်စနစ်များ၊ ၎င်းတို့၏ ၁၀ နှစ်ကြာ အုပ်ချုပ်၊ ထောက်ပံ့ပို့ဆောင်ရေး ခဲယမ်းများ၊ ထရပ်ကားများ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်စနစ်များ အခြေခံ အဆောက်အအုံများ တည်ဆောက်ရန် စသည်တို့ပါဝင်သည်။ ရည်ရွယ်ချက်မှာ ဒုံးကျည်များ၊ အမြောက်များ၊ မော်တာများ၊ မောင်းသူမဲ့လေယာဉ်များနှင့် Loitering Munition အသေခံတိုက်ခိုက်ရေးဒရုန်းများရန်မှ အီတလီတပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များ၊ ပြည်ပရောက် တပ်ဖွဲ့ဝင်များနှင့် အခြေခံအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်သည်။ ကာကွယ်ရေးစီမံကိန်းစာတမ်းတွင် အဆိုပါ C-RAM တန်ပြန်ကာကွယ်တိုက်ဖျက်ရေးစနစ်အတွက် Skynex လေကြောင်းရန်ကာကွယ်ရေးစနစ် လေးစုံကို အသုံးပြုသွားမည်ဟုဖော်ပြထားပြီး စနစ်အနေဖြင့် နိုင်ငံလေပိုင်နက်ကို သီးခြားစောင့်ကြည့်ထောက်လှမ်းရေးစနစ်များ၊ တိုက်ခိုက်ရေးစနစ်များနှင့် ပေါင်းစည်းအသုံးပြုသွားနိုင်မည်ဖြစ်သည်။ ထုတ်လုပ်သူအသီးသီး၏ ရေဒါနည်းပညာများနှင့် အံ့ဝင်ခွင်ကျ အသုံးပြုနိုင်စေမည်ဖြစ်ကာ ရန်သူ့အီလက်ထရွန်နစ် တန်ပြန်မှုစနစ်များကို ခံနိုင်ရည်ရှိစေရန် ပရိုဂရမ်ထည့်သွင်းထားနိုင်သော ၃၅ မမ AHEAD ခဲယမ်းများကိုတပ်ဆင်ပစ်လွှတ်နိုင်မည်ဟုသိရသည်။ ဤစွမ်းရည်အသစ်များသည် ဒုံးကျည်များ၊ အမြောက်များ၊ မော်တာများ၊ မောင်းသူမဲ့လေယာဉ်များ၊ အထူးသဖြင့် စစ်ဆင်ရေးများတွင် ကြုံတွေ့လာရမည့် လေကြောင်းခြိမ်းခြောက်မှုများကို ဟန့်တားနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။



အီတလီကြည်းတပ်က အဆိုပါတာတိုပစ်လေကြောင်းရန်ကာကွယ်ရေးပရိုဂရမ် (GRIFO) ကို စီမံခန့်ခွဲလုပ်ဆောင်နေခြင်းဖြစ်သည်။ အနိမ့်ပျံ လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ဖျက်ရန် CAMM-ER ဒုံးကျည်ပါ အသုံးပြုပစ်ခတ်နိုင်မည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် မေလတွင် MBDA ကုမ္ပဏီသည် GRIFO ပရိုဂရမ်၏ Command Post နှင့် Engagement Module များဖြင့် CAMM-ER ဒုံးကျည် စမ်းသပ်မှုများ လုပ်ဆောင်နိုင်ခဲ့ကြောင်း ကြေညာခဲ့ပြီး သဏ္ဌာန်တူစစ်ရေးလေ့ကျင့်မှုများတွင် ရန်သူ့လေယာဉ်ကို ပစ်ချနိုင်ခဲ့ကြောင်း အတည်ပြုထားသည်။ ဖြေရှင်းချက်နည်းလမ်းမျိုးစုံကို ပေါင်းစည်းအသုံးပြုထားခြင်းဖြင့် အကွာအဝေး၊ အမြင့်အမျိုးမျိုးမှ ပျံသန်းဝင်ရောက်လာနိုင်သည့် လေကြောင်းပစ်မှတ်များကို တန်ပြန်ပစ်ခတ်နိုင်စေမည်ဖြစ်သည်။

Skynex လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ရောမမြို့ Tiburtina တောင်ကြားတွင် ထုတ်လုပ်သွားမည်ဖြစ်သောကြောင့် ဤဝယ်ယူမှုသည် အီတလီနိုင်ငံ ပြည်တွင်းကာကွယ်ရေး စက်မှုကဏ္ဍအတွင်း နည်းပညာကျွမ်းကျင်မှုရှိစေရန်လည်းရည်ရွယ်ကြောင်း သိရသည်။

**Italy purchases four Skynex 35mm air defense systems to counter low-altitude and short-range threats ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၆၈၄၅ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မအူပင် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၆၈၄၅ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၅၁ ကေကို ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာယနေ့ထိစပါး ၅၆၈၄၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စပါးများ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"မအူပင်မြို့နယ် တစ်ခုလုံး အနေနဲ့ စပါးကေ ၈၂၀၀၀ကျော်လျာထား စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ စပါးအမျိုးအစားတွေကတော့ ဒေသမြေအနေအထားနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း စပါးအမျိုးအစားတွေကို အဓိကထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စပါးတွေကို အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့ စပါးစိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားလိုအပ်တာတွေကိုဆောင်ရွက်ပေးထားပါတယ်။ ဒါ့အပြင် စပါးတွေပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းဖို့ ပညာပေးလုပ်ငန်းတွေကိုလဲဆောင်ရွက်ပေးနေပါတယ်''ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် စပါးစိုက်တောင်သူများ စပါးများတစ်ကေပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှု ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၄၂၅၂ ကေ ရိတ်သိမ်းပြီးစီး

**ချောင်းဦး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၄၂၅၂ကေ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၂၅၂ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၇ ဒသမ ၀၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ စပါး ၁၄၂၅၂ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



စပါးသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက် ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးအထွက်တိုးစေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် နမ့်လင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ နမ့်လင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၀ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်က ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံဝန်ထမ်းများကအတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၅သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်လင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကိုငွေကျပ်၄၅ ဒသမ ၅သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၁-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကော်ဖီထုတ်ကုန်များနှင့် ဒေသထွက်စားသောက်ကုန်ပစ္စည်းများကို စိတ်ဝင်တစားဖြင့် လေ့လာကြည့်ရှုစဉ်။

**MSME လုပ်ငန်းများနှင့်ပတ်သက်၍ အဓိကအားဖြင့် မူဝါဒများချမှတ်ထားပြီး ကုန်ပစ္စည်းတစ်ခုထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများလိုအပ်ချက်မှာ အဓိကအရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ဒေသတွင်းကုန်ကြမ်းများ လုံလောက်စွာထွက်ရှိအောင် ဆောင်ရွက်ရန်လို၊ ဈေးကွက်လေ့လာဆန်းစစ်ချက်အရ လူအများကြိုက်နှစ်သက်သည့် ပစ္စည်းများကို အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ် . . .**

ရှေ့ဖုံးမှအဆက်

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် လိုအပ်ချက်များအား အသီးသီး ဆွေးနွေးတင်ပြ

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အချက်အလက်များ၊ ခရိုင်အတွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများအောင်မြင်မှုရှိစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ ၂၀၂၄ ခုနှစ်အတွင်း ပြင်ဦးလွင်ဒေသသို့ ရောက်ရှိစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဦးလွင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရိုင်အတွင်း MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များက လုပ်ငန်းများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တွေ့ကြုံနေရသည့် လုပ်ငန်းခွင်အခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့ကျစေရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးစေလိုမှုနှင့် အခြားလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

### တင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းများဆောင်ရွက်ရာ၌ လျှပ်စစ်မီးလိုအပ်ချက်အပေါ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရာတွင် လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ လာမည့်ပြည်ထောင်စုနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းထုတ်ကုန်ပြပွဲကို နေပြည်တော်၌ ပြည်ထောင်စုအဆင့်ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိမှုနှင့်စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမြေလျှောက်ထားမှုနှင့် ပတ်သက်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊မူဝါဒများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကော်ဖီစိုက်ပျိုးခြင်းသည် အရိပ်ရအပင်များကိုပါ ထည့်သွင်းစိုက်ပျိုးရသည်ဖြစ်သဖြင့် Green Economy ကို ဖော်ဆောင်နေခြင်းပင်ဖြစ်သဖြင့် သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရန် လိုအပ်သည့်အခြေအနေများ၊ ပြင်ဦးလွင်ခရိုင်အနေဖြင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းရှိသဖြင့် ၁၈ ဒသမ ၈၇ ရာခိုင်နှုန်းရှိပြီး စိမ်းလန်းစိုပြည်သည့် နဂိုရှိရင်းစွဲအရင်းအမြစ်အလှအပများ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသ၏လူမှုရေးနှင့် စီးပွားရေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးမှာကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြော



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ထားရှိမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း အပန်းဖြေလာရောက်ကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ကြားရာတွင် ပြင်ဦးလွင်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လိုအပ်သည်များကို အကြံပြု တိုက်တွန်းဆွေးနွေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဒေသအလိုက်ထုတ်ကုန်များသည် အရည်အသွေးပိုင်း ကောင်းမွန်သည်ဖြစ်သော်လည်း အချို့သောထုတ်ကုန်များသည် ထုပ်ပိုးမှုအပိုင်း၌ အဆင့်မီမီဖြစ်ရန် လိုအပ်နေဆဲဖြစ်ကြောင်း။

**MSME လုပ်ငန်းများနှင့် ပတ်သက်၍ အဓိကအားဖြင့် မူဝါဒများချမှတ်ထားပြီး ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများလိုအပ်ချက်မှာ အဓိကအရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ဒေသတွင်း ကုန်ကြမ်းများလုံလောက်စွာ ထွက်ရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊** ပြင်ဦးလွင်ဒေသအနေဖြင့် ဒေသမှထွက်ရှိသည့် နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဂျုံထွက်ပစ္စည်းများ၊ အသီးအနှံများမှ ထုတ်ကုန်ပစ္စည်းများထုတ်လုပ်လျက်ရှိကြောင်း၊ **ဈေးကွက်လေ့လာဆန်းစစ်ချက်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကန်တော်ကြီးအတွင်း မွေးမြူထားသည့် ငါးများနှင့် ဘဲငန်းများအား အစာကျွေးမွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



**ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ဂုဏ်သတင်းကျော်ကြားသည့် အပန်းဖြေမြို့တော်တစ်ခုဖြစ်၊ အေးချမ်းသာယာသည့် မြို့တစ်မြို့ဖြစ်သဖြင့် ပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မူဝါဒချမှတ်ထားပြီး ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်အဖြစ်လည်း ဂုဏ်သတင်းကျော်ကြားအောင် ဆက်လက်ဆောင်ရွက် . . .**

အရ လူအများကြိုက်နှစ်သက်သည့်ပစ္စည်းများကို အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

## စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ နည်းပညာ၊ သွင်းအားစုနှင့် ရင်းနှီးစိုက်ထုတ်ငွေများလိုအပ်ပြီး ကုန်ကြမ်းများလုံလုံလောက်လောက်ရရှိနေရန်လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမှုရှိရန် လိုပြီး မိမိတို့နိုင်ငံ၏ MSME ကုန်ထုတ်လုပ်ငန်းတွင် ၆၅ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများဖြစ်ကြောင်း၊ အခြားလူသုံးကုန်ပစ္စည်းထုတ်လုပ်မှု၊ စက်ပစ္စည်းထုတ်လုပ်မှုနှင့် အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ရာခိုင်နှုန်းအားဖြင့် နည်းပါးနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကအားဖြင့် ဆောင်ရွက်မည်ဆိုပါကလည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မှသာ ကုန်ကြမ်းများလုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်မီးလိုအပ်ချက်များနှင့် ပတ်သက်၍လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်ကလည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများအနေဖြင့် စွမ်းအားပြည့်ထုတ်လုပ်နိုင်မှုမရှိခြင်း၊ အကြမ်းဖက်သမားများ၏ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် တာဝါတိုင်များအား ဖျက်ဆီးခြင်း၊ ဓာတ်ငွေ့များ လုံလောက်စွာရရှိမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာဖြန့်ဖြူးပေးရန်အတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်က ရည်မှန်းချက်ထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းများမှာလည်း ကန့်ကွက်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု ရပ်တန့်သွားရခြင်းများလည်း ရှိကြောင်း၊

စာမျက်နှာ ၁၈ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ နှစ် ၁၀၀ နီးပါး သက်တမ်းရှိသော ဂင်ဂိုပင် (Ginkgo Biloba)(ကမ္ဘာဦးပင်)အား ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ချယ်ရီပင်အား စိုက်ပျိုးပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့မှု၊ ဥယျာဉ်ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်လျက်ရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၁၇ မှအဆက်

၂၀၁၅ ခုနှစ်ကစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ခြင်း စီမံကိန်းများ အောင်မြင်ခဲ့မည်ဆိုပါက ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနေမည်ဖြစ်ကြောင်း၊ သို့သော် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း စီမံကိန်းများအား နည်းလမ်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးခဲ့မှုများကြောင့် စီမံကိန်းများ ရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် လျှပ်စစ်နှင့်ပတ်သက်၍ အခက်အခဲများရှိသဖြင့် အချိန်တိုအတွင်း အောင်မြင်ပြီးမြောက်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းများအောင်မြင်ပြီးစီးပါက လျှပ်စစ်မီးများ လုံလောက်စွာ ရရှိလာနိုင်မည်ဖြစ်ကြောင်း။

သွင်းအားစုတွင်ပါဝင်သည့် စက်သုံးဆီများကိုလည်း နိုင်ငံတော်အနေဖြင့် နှစ်စဉ်ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ သုံးစွဲနေရကြောင်း၊ ပြည်တွင်းမှထုတ်လုပ်သည့် စားသောက်ကုန်များ၊ လူသုံးကုန်များနှင့်အဝတ်အထည်များကိုအသုံးပြုပြီး ပြည်တွင်းဖြစ်ကိုအားပေးခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကိုလျှော့ချနိုင်မည်၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းဖြစ်ကိုအားပေး၍ နိုင်ငံ့စီးပွားရေးကို ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## စိုက်ပျိုးမြေအသုံးချမှုများ စနစ်တကျဖြစ်ရန်နှင့် အကျိုးရှိရှိအသုံးချနိုင်ရန်လို

စိုက်ပျိုးမြေများအပေါ်တွင် စိုက်ပျိုးရေးနှင့် မသက်ဆိုင်သည့်လုပ်ငန်းများ ဆောင် ရွက်ခြင်းမပြုရန်လိုပြီး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ အချို့စိုက်ပျိုးမြေရယူထားသူများအနေဖြင့် စိုက်ပျိုးမြေများပေါ်တွင် သတ်မှတ်ချက်ထက်ကျော်လွန်သည့် အိမ်ရာများဆောက်လုပ်ခြင်းနှင့် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ခြံကွက်များပြုလုပ်ထားသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမြေများအား အခြားနည်းများဖြင့်အသုံးပြုရာတွင် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်လိုကြောင်း၊ မြေအသုံးချမှုများ စည်းကမ်းတကျဖြစ်စေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့်ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းကောင်းမွန်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် စိုက်ပျိုးရေးအခြေခံနည်းလမ်းလေးသွယ်ကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သည် အအေးပိုင်းဒေသဖြစ်သဖြင့် ဂျုံသီးနှံများစိုက်ပျိုးမည်ဆိုပါက ဖြစ်ထွန်းအောင်မြင် နိုင်မည်ဖြစ်ကြောင်း။

MSMEကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ၊ ထုတ်လုပ်သည့်စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့်လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ နို့ထွက်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့မှထွက်ရှိသည့် နို့ထွက်ပစ္စည်းများသည် အဆင့်အတန်းတစ်ခုတွင်ရှိသည်ကိုတွေ့ရှိရသဖြင့် လက်ရှိထုတ်လုပ်နေသည့် ထုတ်ကုန်များအပြင် အခြားနို့ထွက်ပစ္စည်း စားသောက်ကုန်အမည်သစ်များကို ဆက်လက်ထုတ်လုပ်သွားမည်ဆိုပါက ယခုထက် ပိုမိုအောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းတွင် ပါဝင်သည့် ဝိုင်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင်လည်း အဆင့်မြင့်ဝိုင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့မှထွက်ရှိသည့် ကော်ဖီသည်လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်တစ်ခု ရရှိထားပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့တွင်ရှိပြီးဖြစ်သည့် အခြေခံစိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ စားသောက်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်သွားရန်လိုကြောင်း၊ အလားတူ ပြင်ဦးလွင်မြို့တွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း အခြေခံကောင်းများရှိပြီးဖြစ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများ အောင်မြင်တိုးတက်အောင်ဆောင်ရွက်ပြီး အေးခဲအသားထုတ်လုပ်မှုများ ထုတ်လုပ်နိုင်သည်အထိဆောင်ရွက်ရန်လိုကြောင်း။

**ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ဂုဏ်သတင်းကျော်ကြားသည့် အပန်းဖြေမြို့တော်တစ်ခုဖြစ်ကြောင်း၊ အေးချမ်းသာယာသည့် မြို့တစ်မြို့ဖြစ်သဖြင့် ပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မူဝါဒချမှတ်ထားပြီး ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်အဖြစ်လည်း ဂုဏ်သတင်းကျော်ကြားအောင် ဆက်လက်ဆောင်ရွက်သွား**ရမည်ဖြစ်ကြောင်း၊ မြို့သာယာလှပတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့်လည်း အပန်းဖြေ လာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ကိုယ်ချမ်းသာဖြင့် သာယာလှပသည့် မြို့၏အလှအပကို ခံစားလည်ပတ်နိုင်ရေး စည်းကမ်းစနစ်တကျဖြင့် ဝိုင်းဝန်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ မြို့တွင်နေထိုင်သူများက စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများဆောင်ရွက်မည်ဆိုပါက Clean City ဖြစ်လာမည်ဖြစ်ပြီး သစ်ပင်ပန်းမန်များ စိုက်ပျိုးမည်ဆိုပါက Green City ဖြစ်လာမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း ဦးဆောင်မှုပေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

## ဒေသထွက်စားသောက်ကုန်များအား ကြည့်ရှုအားပေး

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် ဒေသထွက်ကော်ဖီထုတ်ကုန်များနှင့် ဒေသထွက်စားသောက်ကုန်ပစ္စည်းများကို စိတ်ဝင်တစားဖြင့်လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ပြခန်းများအလိုက် လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ထားရှိမှုများကို ကြည့်ရှုအားပေးပြီး အပန်းဖြေလာရောက်ကြသည့်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဥယျာဉ်အတွင်းရှိ နှစ် ၁၀၀ နီးပါး သက်တမ်းရှိသော ဂင်ဂိုပင် (Ginkgo Biloba) (ကမ္ဘာဦးပင်)အား ကြည့်ရှုပြီး စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။ အဆိုပါ ဂင်ဂိုပင် (Ginkgo Biloba) သည် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့်အနောက်နိုင်ငံများတွင် ထင်ရှားကျော်ကြားသည့် အပင်မျိုးစိတ်တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံအတွင်းရှိ ပြည်နယ်အများအပြား၌ ဆောင်းဦးရာသီတွင် အဝါရောင်အရွက်များ ဖုံးလွှမ်းလျက်ရှိသည့် ဂင်ဂိုပင်များကို တွေ့ရှိရနိုင်ပြီး အချို့အပင်များသည် နှစ်ပေါင်းထောင်ချီ သက်တမ်းရှိပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အမျိုးသားကန်တော်ကြီးဥယျာဉ်နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ချယ်ရီပင်အားစိုက်ပျိုးပေးပြီး ကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကာ ကန်တော်ကြီးအတွင်း မွေးမြူထားသည့် ငါးများနှင့် ဘဲငန်းများအား အစာကျွေးမွေးခဲ့သည်။

ယင်းနောက် ဥယျာဉ်ရှင်းလင်းဆောင်၌ ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့မှုနှင့် ဥယျာဉ်ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်လျက်ရှိမှု၊ ဥယျာဉ်ခြံစည်းရိုးအသစ်တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်မှတ်တမ်းဓာတ်ပုံများအား စနစ်တကျထိန်းသိမ်းထားရှိ၍ ပြခန်းပြသထားရှိရန်၊ ဥယျာဉ်အတွင်း အမြဲစိမ်းလန်းစိုပြည်ရန်နှင့် သန့်ရှင်းသာယာလှပမှုရှိစေရန်၊ ကန်တော်ကြီးအတွင်း ရေဝင်ရေထွက်များရှိစေရေး အမြဲထိန်းသိမ်း ဆောင်ရွက်လျက်ရှိရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်က အမျိုးသားကန်တော်ကြီးဥယျာဉ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖပသ)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား ကျန်းမာရေးစစ်ဆေးပေးထားမှုများနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးထားသည့် အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကြည့်ရှုမေးမြန်းစဉ်။



မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၇ နှစ် သိက္ခာတော် ၇၇ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိရာ ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးအား ကျန်းမာရေး စစ်ဆေးပေးထားမှုများနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့် အခြေအနေများကိုကြည့်ရှုမေးမြန်းရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကိုရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို အလေးထားမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။ (ဍဝဝ)



မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညိုစဉ်။

# ပင်လယ်ငါးသလောက်များ ရန်ကုန်ဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ပြည်ပဈေးကွက်အထိ တင်ပို့လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာ့ပင်လယ်ပြင်မှ ပင်လယ်ငါးသလောက်များ ရန်ကုန်ဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည့်အတွက် ပြည်တွင်း၌ဈေးနှုန်းသက်သာစွာ စားသုံးနိုင်သည့်အပြင် ပြည်ပဈေးကွက်အထိတင်ပို့လျက်ရှိကြောင်း ရန်ကုန်မြို့ ကြည့်မြင်တိုင်စံပြငါးဈေးမှ သိရသည်။

ထိုကဲ့သို့ ဈေးကွက်အတွင်းရောက်ရှိလာသောရောင်းတန်းဝင် ငါးသလောက်အရွယ်ကြီးများကို တရုတ်၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကို အအေးခန်းစက်ရုံများမှတစ်ဆင့် တင်ပို့လျက်ရှိကြောင်း ကြည့်မြင်တိုင်စံပြငါးဈေးမှ သိရသည်။

“ဒီနှစ်ဆန်းပိုင်းမှာ ငါးသလောက်အဆက်မပြတ် ဝင်ရောက်နေတဲ့အတွက် ပြည်သူတွေ စားသုံးမှုသာမက ပြည်ပကိုလည်း တင်ပို့နိုင်တာကြောင့် လုပ်ငန်းရှင်တွေလည်း အဆင်ပြေတယ်လို့ ပြောရမှာပါ။ မနှစ်က ငါးသလောက် ၁၀-၂၀ ကျပ်သားအရွယ်ဆိုရင် ကျပ် ၈၀၀၀ ရှိပါတယ်။ ဒီနှစ်မှာ ငါးအဝင်များတဲ့အတွက် ငွေကျပ် ၅၀၀၀ ပဲရှိတယ်”ဟု စံပြငါးဈေးမှ ရေထွက်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြည်ပဈေးကွက် ရောင်းတန်းဝင် ပင်လယ်ငါးသလောက် ၃၀ ကျပ်သားမှ ၅၀ ကျပ်သားအရွယ် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀၊ ၅၀ ကျပ်သားမှ ၈၀ ကျပ်သားအရွယ် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၀၊ ၈၀ ကျပ်သားမှ တစ်ပိဿာအရွယ် ငွေကျပ် ၃၈၀၀၀၊ တစ်ပိဿာမှ တစ်ပိဿာလေးဆယ်ကျပ်သားအရွယ် ငွေကျပ် ၅၀၀၀၀ ကျော်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပြည်တွင်းစားသုံးမှုများသည့် ပင်လယ်ငါးသလောက် ၁၀ ကျပ်သားမှ ၂၀ ကျပ်သားအရွယ် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ ၂၀ ကျပ်သားမှ ၃၀ ကျပ်သားအရွယ် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းရှိကြောင်း သိရသည်။

**သစ္စာ(MNA)**

# ကချင်ပြည်နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်



မြစ်ကြီးနား ဇန်နဝါရီ ၁၁

(၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကချင်ပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးညဏ်ထွန်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်၊

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအနေဖြင့် လူမှုရေး၊ ယဉ်ကျေးမှု၊ ဥပဒေနှင့် နည်းပညာဆိုင်ရာ အကြောင်းအရာများကို တစ်နေရာတည်းတွင် တွေ့မြင်နိုင်ကြမည်ဖြစ်ပြီး စာအုပ်စာစောင်များကို လေ့လာဖတ်ရှုခြင်းဖြင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးအကြောင်းအရာများအပြင် နိုင်ငံတကာဆက်ဆံရေး၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများကိုလည်း သိရှိနိုင်ကြမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ငွေကျပ်သိန်း ၂၀ နှင့် မြစ်ကြီးနားတက္ကသိုလ် စာကြည့်တိုက်နှင့် အခြေခံပညာကျောင်း စာကြည့်တိုက်များအတွက် သုတ၊ ရသစာစောင်၊ စာစောင်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြစ်ကြီးနားတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက “ပန်းတိုင်းပွင့်စေ” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် မြစ်ကြီးနားတက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ပညာရေးပြခန်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဓာတ်ပုံပြခန်းများနှင့် အခြေခံပညာအဆင့် ပန်းချီ၊ ဆေးရောင်ခြယ်၊ ပုံပြော၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် လူရွယ်လူငယ်များ ကာယဉာဏစွမ်းရည် တိုးတက်စေရေးအတွက် စကားပုံဆက်၊ အရုပ်ဆက်ပြိုင်ပွဲများအပါအဝင် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ပွဲတော်အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။






ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ပူတာအိုမြို့သို့ ရောက်ရှိကြပြီး ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်အတွင်းရှိ ရဝမ်အမျိုးသားဥယျာဉ်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပူတာအိုဒေသ၌ ဆန်စပါးဖူလုံခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပူတာအိုဒေသ ဆန်စပါးဖူလုံခြင်းအထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပူတာအိုဒေသ ဆန်စပါးဖူလုံခြင်းအထိမ်းအမှတ်အဖြစ် ရိုးရာမနော အကကို ရဝမ်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ရဝမ်၊ လီဆူ၊ တိုင်းခမ်းတီ၊ ဂျိမ်းဖော စသည့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်အတူ ဆင်နွှဲကြသည်။

ယင်းနောက် ပူတာအိုမြို့နယ် လုံးစွတ်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၏ အကူအညီဖြင့် ဒေသတွင်းလည်ပတ်လျက်ရှိသည့် “ဆန်း” စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်ပိုင် လျှပ်စစ်စွမ်းအင်သုံးဆန်စက်လုပ်ငန်း လည်ပတ်နေမှုများကိုလည်းကောင်း၊ ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တိုးတက်ဖြစ်ထွန်းနေသော ဒေသခံတောင်သူ၏ နေအိမ်ခြံဝင်းအတွင်း ဆောင်းသီးနှံ (ဟင်းသီးဟင်းရွက်ပင်များ) တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၂၇ စုကို ဆက်သွယ်ပေးထားသော ကုန်ထုတ်လမ်းတစ်ခုဖြစ်သည့် ပူတာအို - နမ့်ရှယ်ကော့ - လယ်မယ်ဝါဂျီ - မန်စေ - မန်စေခွန်လမ်း ခင်းကျင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

ပြည်တွင်း၊ ပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများ ပြသသည့် ဇုန်တစ်ဇုန်အပါအဝင် ဇုန်ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ မျိုး ၂၀ စုစုပေါင်းပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်းပါရှိကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်၊ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းနှင့် အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

“ပြင်ဦးလွင်မြို့ကို ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်မှုများသလို နေ့ထူးနေ့မြတ်ကာလ၊ အခါကြီးရက်ကြီးတွေမှာဆိုရင် အနယ်နယ်အရပ်ရပ်က ပြည်သူတွေပါ လာရောက်လည်ပတ်မှု များပါတယ်။ ပြင်ဦးလွင်မြို့မှာ သဘာဝအလှအပရှုခင်းတွေကို ကြည့်ရှုရင်း အေးချမ်းပျော်ရွှင်စွာ အပန်းအဖြေအနားယူနိုင်မယ့်နေရာတွေ အများကြီးရှိပါတယ်။ အမျိုးသားကန်တော်ကြီးဥယျာဉ်နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော် (Floral Fantasia 2024)ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်ထိ သတ်မှတ်ထားရာကနေ အခုဇန်နဝါရီ ၁၉ ရက်ထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးထားပါတယ်”ဟု ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ခံအမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက ပြောပြ၍ သိရသည်။ **မျိုးကျော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နေဒီယာလာဘာဝီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရနှင့် မိမိအနေဖြင့် အဆွေတော်အား လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ အစဉ်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခွင့်အခါကြုံခိုက် နှစ်နိုင်ငံဘုံအကျိုးစီးပွားအတွက် အယ်လ်ဂျီးရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကျယ်ပြန့်သောနယ်ပယ်ကဏ္ဍစုံတွင် မြှင့်တင်ဆောင်ရွက်နိုင်ရန် မိမိတို့အနေဖြင့် ယုံကြည်မျှော်လင့်လျက်ရှိကြောင်း ပြောကြားလိုပါသည်။

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပရောက်နိုင်ငံသားများနှင့် အာဖရိကရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာမက် အက်တက်ဖ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာနိုင်ငံဆက်လက်ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း ဆန္ဒပြုပါသည်။

မြန်မာနှင့် အယ်လ်ဂျီးရီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေရန်၊ နှစ်နိုင်ငံဘုံအကျိုးစီးပွားအတွက် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၌ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှု အစဉ်အလာကောင်းများ ပိုမိုမြှင့်တင်နိုင်ရန် မိမိအနေဖြင့် စိတ်အားထက်သန်လျက်ရှိကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

# ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ကင်ဆာရောဂါဆိုင်ရာ ဓာတ်ရောင်ခြည်ဆေးကုသမှုပညာရှင်များ၏ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ကင်ဆာရောဂါဆိုင်ရာ ဓာတ်ရောင်ခြည်ဆေးကုသမှုပညာရှင်များ၏ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း၊ပြည်ပမှ ကင်ဆာဓာတ်ရောင်ခြည် အထူးကုဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ရူပဗေဒပညာရှင်များနှင့် ဓာတ်ရောင်ခြည် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံကင်ဆာရောဂါဆိုင်ရာဓာတ်ရောင်ခြည်ဆေးကုသမှုပညာရှင်များ၏ညီလာခံကို "State-of-the-Art of Hypofractio-nated Radiotherapy: Beyond Feasibility and Compliance" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး တီထွင်ဆန်းသစ်မှုအသစ်များနှင့် တိုးတက်လာသည့် ကင်ဆာဓာတ်ရောင်ခြည် ဆေးပညာရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ပညာရှင်များသာမက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ကင်ဆာရောဂါဆိုင်ရာ ဓာတ်ရောင်ခြည်ဆေးကုသမှုပညာရှင်များ၏ အတွေ့အကြုံဗဟုသုတများ အပြန်အလှန်မျှဝေကြမည်ဟု သိရှိရ၍ မြန်မာနိုင်ငံရှိ အထူးကု ရောဂါကုဆရာဝန်များ၊ ဆေးပညာရှင်များ၊ ကင်ဆာရောဂါဓာတ်ရောင်ခြည်အထူးကုဆရာဝန်များနှင့် ဘွဲ့လွန်သင်တန်းသား ဆရာဝန်များအတွက် ဗဟုသုတနှင့်ကျွမ်းကျင်မှုဆိုင်ရာများကို လေ့လာဖလှယ်ခွင့်ရရှိကြမည်ဖြစ်သဖြင့် လူနာဗဟိုပြု ကင်ဆာရောဂါဆေးကုသမှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကင်ဆာရောဂါဓာတ်ရောင်ခြည် ဆေးပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်ချိုဝင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာဓာတ်ရောင်ခြည် ဆေးပညာဌာနမှ ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာမိုးလှိုင်နှင့် အင်ဒိုနီးရှားနိုင်ငံ Cipto Mangunkusumo Hospital မှ ကင်ဆာဓာတ်ရောင်ခြည်ဆေးကုသမှုဆိုင်ရာ ပါမောက္ခ Professor Soehartati A. Gondhowiardjo တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ပါမောက္ခ ဒေါက်တာခင်ချိုဝင်းနှင့် ပါမောက္ခ ဒေါက်တာမိုးလှိုင်တို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသော ပညာရပ်ဆိုင်ရာပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ညီလာခံကို ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်ထိ Hybrid စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပညာရှင်များသာမက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ကင်ဆာရောဂါဆိုင်ရာ ဓာတ်ရောင်ခြည်ဆေးကုသမှုပညာရှင်များက အတွေ့အကြုံဗဟုသုတများ အပြန်အလှန်မျှဝေကြမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက် (LA)အနေဖြင့် ပြည်သူ့ဆေးရုံများတွင် ၁၄ လုံး၊ ပုဂ္ဂလိကဆေးရုံများတွင် ခုနစ်လုံး စုစုပေါင်း ၂၁ လုံး၊ Cobalt ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်အနေဖြင့် ပြည်သူ့ဆေးရုံများတွင် သုံးလုံး၊ Brachy-therapy ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်အနေဖြင့် ပြည်သူ့ဆေးရုံများတွင် ငါးလုံး၊ ပုဂ္ဂလိကဆေးရုံများတွင် လေးလုံး တပ်ဆင်ကာ ကင်ဆာရောဂါလူနာများကို ကုသမှုဆောင်ရွက်ပေးလျက်ရှိပြီး လူနာများ စောင့်ဆိုင်းချိန်လျော့နည်းစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများက စနေ၊ တနင်္ဂနွေနေ့များအပါအဝင် နေ့၊ ည နှစ်ဆိုင်းခွဲ၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့် နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူ ခံရနိုင်ပါသည်။**

# ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် ဘယ်လာရုစ်ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများက ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ထူးချွန်ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းနှင့် ခိုလမ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျွဲကူး)၌လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့်မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော်သီချင်းများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးများက အဖွင့်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သချာစွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ အတန်းစဉ်အလိုက် ပညာရည်ချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ခွင့်ရက်မပျက်ဆုရ ဆရာ၊ ဆရာမများနှင့် လူရည်ချွန်ဆုရ ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

၎င်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် အခြေခံပညာကျောင်းများအတွက် အလှူငွေများပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ တေးသရုပ်ဖော်အကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကာ ပြခန်းများအတွင်း လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖ၀၁)

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာအုပ်စုရှိဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင် သီလရှင်များနှင့် ကလေးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၈ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ မျက်စိရောဂါ၊အရေပြားရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် အေးရိပ်မွန်မိဘမဲ့အမျိုးသမီးကလေးများ ပရဟိတဂေဟာ၌ သာသနာ့နွယ်ဝင်သီလရှင် ၅၁ ပါး၊ ကလေးငယ်များနှင့် ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

# မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အပါအဝင် မြို့နယ် ၁၈ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများ အတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖ၀၁)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။



# ဇန်နဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့် ဆက်လက်တည်ရှိနိုင်


**နေပြည်တော် ဇန်နဝါရီ ၁၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ ဇန်နဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုခြင်းစသည့် ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်လေ့ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့၊ အနောက်)မြို့နယ်များအတွင်း နိုင်ငံသားစိစစ်ရေးကတ်အတု၊ အလုပ်သမားမှတ်ပုံတင်ကတ်အတုနှင့် ရပ်ကွက်၊ ရဲစခန်းထောက်ခံစာအတုများ ပြုလုပ်ရောင်းချသူ အမျိုးသား သုံးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့၊အနောက်)မြို့နယ်များအတွင်း နိုင်ငံသားစိစစ်ရေးကတ်များ၊ အလုပ်သမားမှတ်ပုံတင်ကတ်များနှင့် ရပ်ကွက်၊ ရဲစခန်းထောက်ခံစာများ အတုပြုလုပ်ရောင်းချသူအမျိုးသား သုံးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို ဖမ်းဆီးရမိမှု




**နေပြည်တော် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်ထောက်ခံစာအတုများကို အခကြေးငွေယူ၍ ပြုလုပ်ရောင်းချလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်အတုများရောင်းချသူ တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် အမှတ်(၄)ရပ်ကွက်နေ မမေသူခိုင် ၃၄နှစ် (ဘ) ဦးကျော်ညွန့်ကို ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီတွင် အမှတ်(၄)ရပ်ကွက် ဗိုလ်တေဇလမ်းပေါ်၌ နိုင်ငံသားစိစစ်ရေးကတ်အတု သုံးခုနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အေးသာယာနယ်မြေရဲစခန်းက (ပ)၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ ဖြင့် အမှုရေးဖွင့်ပြီး ကွင်းဆက်တရားခံများဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ တရားခံ မေသူခိုင်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်အတုများကိုပို့ဆောင်ပေးသူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ဖြူသွယ်ထွေး ၂၂ နှစ်(ဘ) ဦးကျော်ညွန့်ကို ဇန်နဝါရီ ၈ရက် ညပိုင်းတွင်လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်း၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ အဆိုပါနိုင်ငံသားစိစစ်ရေးကတ်အတုများကို ပွဲစားလုပ်ကိုင်သူ ဖမ်းဆီးရန်ကျန် တရားခံ တက်ပု (စိစစ်ဆဲ)ထံသို့ ဖုန်းဖြင့်ချိတ်ဆက်ကာ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းဖမ်းဆီးခဲ့ရာ ဇန်နဝါရီ ၉ ရက် နေ့လယ်ပိုင်းတွင် ဖမ်းဆီးရန်ကျန် တရားခံ တက်ပု(စိစစ်ဆဲ)မှ တစ်ဆင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအတု လာရောက်ပို့ဆောင်သူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ဆိုင်ကယ်ဘေးတွဲမောင်းနှင်သူ ဟန်မြင့်ဇော်(ခ) ပြောင်လေး ၄၄ နှစ်(ဘ) ဦးအောင်ခင်ကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅)ရပ်ကွက် ကျန်စစ်သားလမ်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု တစ်ခုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဟန်မြင့်ဇော် (ခ) ပြောင်လေးကို စစ်ဆေးရာ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများကိုပွဲစားဖြစ်သူ ဖမ်းဆီးရန်ကျန် တရားခံ တက်ပု(စိစစ်ဆဲ)၏ ချိတ်ဆက်ပေးမှုဖြင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ဇင်လင်း (ခ)လင်းလင်း ၄၀နှစ် (ဘ) ဦးဝင်းအေးက ပြုလုပ်ရောင်းချပေးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ တရားခံ ဇင်လင်း (ခ) လင်းလင်းကို ယင်းနေ့ နေ့လယ်ပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအလွတ် အခု ၁၀၀၊နိုင်ငံသားစိစစ်ရေးကတ်ပြားအတုပြုလုပ်ရာတွင် အသုံးပြုသည့် Deli တံဆိပ်ပါ Automatic Numbering Machine တစ်ခု၊ အမည်နှင့်ဓာတ်ပုံများပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အတု ရှစ်ခု၊ အသားတံဆိပ်တုံးရိုက်နှိပ်သည့်တံဆိပ်တုံး တစ်ခု၊ လေဆာတံဆိပ်တုံးမျိုးစုံ ၁၄ ခု၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(အလွတ်) အခု ၂၅၀၀၊ Horse တံဆိပ်ပါ မင်ခံဘူး နှစ်ခုတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဇင်လင်း (ခ) လင်းလင်းကို စစ်ဆေးချက်အရ ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် ၎င်းနှင့်ဆက်သွယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား၊အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် ရပ်ကွက်၊ ရဲစခန်းထောက်ခံစာအတုများကို တစ်ဆင့်ရောင်းချပေးသူ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက်နေ မြင့်မြတ်ကြည်(ခ)ဝတုတ် ၄၀ နှစ်(ဘ)ဦးကြီးမြင့်၊တစ်ရပ်ကွက်တည်းနေ စန္ဒာဦး ၄၄ နှစ်(ဘ) ဦးတင်လှနှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ စိုးမင်းဦး(ခ) ကတုံး ၃၂ နှစ်(ဘ)ဦးဝင်းကြည်တို့သုံးဦးကို ၎င်းတို့၏နေအိမ်အသီးသီး၌လည်းကောင်း၊ ရပ်ကွက်၊ရဲစခန်းထောက်ခံစာ ပုံစံအတု(အလွတ်)များကို မိတ္တူကူးယူရောင်းချသူ စန်းမော်လွင် ၂၉ နှစ်(ဘ) ဦးဝင်းအောင်ကို ရဲစခန်းထောက်ခံစာမျိုးစုံအတု(အလွတ်) အခု ၂၅၀၀၊ ရပ်ကွက်ထောက်ခံစာမျိုးစုံအတု(အလွတ်) အခု ၈၀၊ Acer အမျိုးအစားကွန်ပျူတာတစ်စုံနှင့်ဆက်စပ်ပစ္စည်းများ၊ Printer နှစ်လုံး၊ Scanner တစ်လုံးတို့နှင့်အတူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ မိုးသောက်ပန်းမိတ္တူဆိုင်၌လည်းကောင်းအသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

အမှုမှဖမ်းဆီးရမိတရားခံ စိုးမင်းဦး(ခ) ကတုံး၏ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများ တစ်ဆင့်ပြန်လည်ရောင်းချရန် စေခိုင်းသူ ဖမ်းဆီးရန်ကျန် တရားခံ ပြေသိန်းထိုက်(စိစစ်ဆဲ) နေထိုင်သည့် ထန်းတပင်မြို့နယ် ရိုးလေးကျေးရွာရှိ နေအိမ်ကိုရှာဖွေစစ်ဆေးခဲ့ရာ ပြေသိန်းထိုက်ကိုတွေ့ရှိခြင်းမရှိဘဲ ၎င်း၏အစ်မဖြစ်သူ မိုးမိုး ၄၈ နှစ်(ဘ)ဦးကျော်ရွှေကို နိုင်ငံသားစိစစ်ရေးကတ်ပြားအတုပြုလုပ်ရာတွင်အသုံးပြုသည့် တံဆိပ်တုံးမျိုးစုံ အခု ၂၅၀၊ အသားတံဆိပ်ရိုက်နှိပ်သည့် တံဆိပ်တုံး တစ်ခုတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇင်လင်း(ခ) လင်းလင်းပါ တရားခံ ကိုးဦးတို့၏ထွက်ဆိုချက်များအရ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု၊ အလုပ်သမားမှတ်ပုံတင်ကတ်အတုနှင့်ရပ်ကွက်၊ရဲစခန်းထောက်ခံစာအတုများကို ဇင်လင်း(ခ)လင်းလင်း ထန်းတပင်မြို့နယ်နေ ဖမ်းဆီးရန်ကျန်တရားခံ ကုလားကြီး(ခ)ဂျင်မီသောင်း (စိစစ်ဆဲ)နှင့်ပြေသိန်းထိုက်(စိစစ်ဆဲ)တို့က ပြုလုပ်ပေးခဲ့ပြီး ပွဲစားဖြစ်သူ ဖမ်းဆီးရန်ကျန်တရားခံ တက်ပု(စိစစ်ဆဲ)နှင့် ချိတ်ဆက်၍ အဆိုပါနိုင်ငံသားစိစစ်ရေးကတ်အတုနှင့် အလုပ်သမားမှတ်ပုံတင်အတုများကိုတစ်ကတ်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် တစ်ဆင့်ရောင်းချပေးခဲ့ရာ ကျန်တရားခံများက ဝယ်ယူသူများသို့ ပို့ဆောင်ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအတု၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားအတုနှင့် ရပ်ကွက်၊ ရဲစခန်းထောက်ခံစာအတုများ ပြုလုပ်ရောင်းချသူ ဖမ်းဆီးရမိတရားခံ ဇင်လင်း(ခ)လင်းလင်းပါ ကိုးဦးတို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံများကို ဖမ်းဆီးရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ရန်ကုန်တိုင်းဒေသကြီး-လှိုင်သာယာ(အရှေ့၊ အနောက်)မြို့နယ်များအတွင်း နိုင်ငံသားစိစစ်ရေးကတ်အတု၊ အလုပ်သမားမှတ်ပုံတင်ကတ်အတုနှင့် ရပ်ကွက်၊ ရဲစခန်းထောက်ခံစာအတုများပြုလုပ်ရောင်းချသူ အမျိုးသား သုံးဦးနှင့်အမျိုးသမီး ခြောက်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



(ဝဲမှ ယာ တရားခံ မေသူခိုင်၊ စိုးမင်းဦး (ခ) ကတုံး၊ ဟန်မြင့်ဇော် (ခ) ပြောင်လေး၊ ဇင်လင်း (ခ) လင်းလင်း၊ မိုးမိုး၊ စန်းမော်လွင်၊ စန္ဒာဦး၊ မြင့်မြတ်ကြည် (ခ) ဝတုတ်၊ ဖြူသွယ်ထွေး)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

ဝတ္ထုတိုကဏ္ဍ

# အရက်မသောက်ပါနဲ့ ဖေဖေရယ်

ဆလိုင်းသန်းဇော်ဝင်း



(၁)

အရင်ကဆို သားတို့ဖေဖေက အရက်သိပ်မသောက်တတ်သေးဘူး။ သူ့သူငယ်ချင်းတွေနဲ့ ဆုံတဲ့အခါ ပွဲရှိတဲ့အခါမျိုးတို့မှာသာ သောက်လေ့ရှိတာ။

အခုတော့ အဲဒီလိုမဟုတ်တော့ပါဘူး။ နေ့တိုင်းလိုလို သောက်နေပါပြီ။ တကယ်တော့ သားတို့ဖေဖေဟာ သိပ်ပြီး သဘောကောင်းတဲ့လူလို့ အများကပြောကြတယ်။ အရက်မသောက်တဲ့ အချိန်တွေမှာပေ့ါ။

''မိန်းမရေ ငါအိမ်ပြန်လာပြီ။ အစ်ကိုပြန်လာပြီလေ ထွက်ကြိုပါအုံး ချစ်လေးရဲ့... အေ့''

''အော်ကြီးဟစ်ကျယ် မပြောပါနဲ့ရှင်။ တော်မရှက်ပေမဲ့ ကျုပ်ရှက်တယ်။ ကလေးတွေလဲ ရှက်ကြမယ်''

''ဘာ ရှက်စရာလိုလဲ။ ဟေ့ အောင်ဖေက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးကွ။ ကိုယ့်ကိုယ်ကိုယ် အရက်ကြိုက်လို့သောက်တာကွ။ မကြိုက်ရင်လဲ လဲသေလိုက်ကြ။ ဖွီ...ဖန်...ထွီ...အေ့''

''ကဲ လာပါ။ အိမ်ထဲကို ဝင်မှာဖြင့်ဝင်။ ထမင်းစားမယ်ဆိုရင်စား။ အိပ်မယ်ဆိုရင်လဲ အိပ်တော့ရှင်''

''နေစမ်းပါမိန်းမရာ။ မင်းကကော ငါ့ကို ဘာထင်နေတာလဲ။ ငါ့လုပ်စာထိုင်စားပြီး ငါ့ကို အာခံဖို့မကြံနဲ့နော် ဟင်း ဟင်း။ အာခေါင်လှံစူးသွားမယ် ဘာမှတ်နေလဲ။ ဟား...ဟား...''

သားက စာကျက်နေတာပါ။ ကိုကိုကတော့ ထမင်းစားနေရင်းကနေ ပန်းကန်ပြားကိုင်ပြီး နောက်ဖေးဘက်ကိုဆင်းသွားတယ်။သားသိတာပေ့ါ။ အစ်ကိုက ပန်းကန်ဆေးပြီးသူ့သူငယ်ချင်း ကိုမျိုးကျော်တို့အိမ်သွားတော့မှာ။ ညအိပ်ခါနီးကျမှ ပြန်လာမှာ။ တစ်ခါတလေလဲသူ့သူငယ်ချင်းအိမ်မှာပဲ အိပ်နေတော့တာ။

ကိုကိုက ရှစ်တန်းကျောင်းသားကြီး။ သားကတော့အခုမှတတိယတန်းမှာစာသင်နေတာ။ဖေဖေ အရက်မသောက်တုန်းကတော့ သားတို့မိသားစုက တအားပျော်စရာကောင်းခဲ့တယ်။ စီးပွားရေးလဲ ဒီထက်ပိုပြီး ပြေလည်ခဲ့တယ်။ အခုကတော့ တစ်မိသားစုလုံး စိတ်ဆင်းရဲကြရတယ်။

(၂)

''အရက်သောက်တဲ့ဖေဖေရယ်... မသောက်ပါနဲ့ ဖေဖေရယ်... အရက်ဆိုတာ မူးယစ်မှုသတဲ့... မြတ်ဘုရားက ဆုံးမတယ်...အရက်ကြိုက်တဲ့ဖေဖေရယ်... မသောက်ပါနဲ့ဖေဖေရယ် ... ဖရုသဝါစာ ကြမ်းတဲ့စကားကို... လူအများက ကဲ့ရဲ့မယ်။ သားရှက်လို့ပါ ဖေဖေရယ်...''

''ဟေ့ တော်စမ်း။ ကိုယ့်ဟာကိုယ် လုပ်စရာရှိတာသွားလုပ်။ စာကျက်ဖို့ရှိတာကိုကျက်။ ပေါက်တတ်ကရတွေ လျှောက်မဆိုစမ်းနဲ့''

''ကလေးကိုမဆူပါနဲ့။ ကလေးက ဘာမှသိတာမဟုတ်ဘူး။ ကိုယ့်ဘာသာ သောက်ပြီး မူးရင်လဲ အေးအေးဆေးဆေးနေ''

''အေးဟေ့။ ငါက လူမိုက်ကြီး။ ဝေးဝေးမှာနေကြ''

သားလဲ ကျောင်းမှာကြားကြားနေရတဲ့ သီချင်းကလေးကို ကြိုက်တာနဲ့ ဆိုမိတာပါ။ မေမေကတော့ "ဆို ဆို သားငယ်" တဲ့။ အားပေးပါတယ်။ မေမေက သိပ်ချစ်ဖို့ကောင်းတယ်။ ဖေဖေနဲ့ ရန်ဖြစ်စကားများတိုင်း "ငါ့သားတွေကို လုံးဝမထိနဲ့။ ငါတစ်ယောက်တည်းတော့ ဆင်းမသွားနိုင်ဘူး။ ငါ့သားနှစ်ယောက်စလုံးပါမှ သွားမယ်" လို့ အမြဲ ပြောနေကျ။

ဖေဖေကလဲ မပေးနိုင်ဘူးလို့ ပြန်ပြောတာပဲ။ ဖေဖေ ဘယ်လိုပဲ ပြောနေပြောနေ သားကတော့ အရက်မူးနေတဲ့ဖေဖေ့ကို မချစ်ပါဘူး။ အရက်မူးနေရင် ကြောက်လို့ အနားလဲ မကပ်ရဲဘူး။

အရက်မမူးရင်တော့ ဖေဖေ့ကိုလဲ ချစ်တာပါပဲ။ အရင်တုန်းကဆိုရင် သားအတွက် ကစားစရာ အရုပ်တွေ၊ မုန့်တွေ အမြဲဝယ်လာပေးတတ်တာ။ အခုတော့ ဖေဖေအိမ်ပြန်လာမှာကို ကြောက်နေမိတယ်။ ဖေဖေ ပြန်လာရင် သူများတွေကို အော်ဆဲအုံးမှာ။ ပြီးတော့ မေမေနဲ့ ရန်တွေဖြစ်ကြအုံးမှာ။ မေမေ ငိုတာကို မကြည့်ရက်တော့ဘူး။ သား သိပ်စိတ်ညစ်တာပဲဗျာ။

(၃)

ကိုကိုကျောင်းမှာ ပြဿနာတက်လို့တဲ့ မိဘတွေ အခေါ်ခံရတယ်။ ဖေဖေက အလုပ်သွားနေတော့ မေမေပဲ သွားရတာပေ့ါ။

ကျောင်းအုပ်ဆရာမကြီးအခန်းထဲကို မေမေဝင်သွားတာကို သားတွေ့လိုက်တယ်။ ပြီးတော့ မေမေ ပြန်ထွက်လာတာကိုလဲ သားအခန်းထဲကနေ လှမ်းမြင်နေရတယ်။ မေမေ့မျက်နှာ မကောင်းဘူး။ ဝမ်းနည်းနေသလိုပဲ။

နောက်မှ အတန်းထဲက အတန်းဖော်တွေ ပြောသံကို သားလဲ ကြားမိတယ်။ ရှစ်တန်းက ကျောင်းသားတွေအရက်ခိုးသောက်လို့ မိဘတွေအခေါ်ခံရတယ်တဲ့။ ဘယ်လိုဖြစ်ရတာလဲ ကိုကိုရာ။ သားလေ တအားအံ့ဩမိတာပဲ။ ဖေဖေနဲ့ မေမေကို ကြည့်ပြီး အရက်ကို မမုန်းဘူးလား မသိပါဘူး။

ညနေအိမ်ပြန်ရောက်တော့ ထုံးစံအတိုင်း ဖေဖေနဲ့မေမေ စကားများနေကြတာကို တွေ့ရတယ်။ ကိုကိုကတော့ အိမ်မှာ မရှိဘူး။

''ငါနဲ့ဘာဆိုင်လို့လဲကွ။ ဒီမိန်းမ ငါလုပ်လိုက်ရရင်သေတော့မှာပဲ။ ငါတယ်...လုပ်လိုက်ရ''

''လုပ်ပါ။ ရိုက်လိုက်စမ်းပါ။ သေအောင်သာ သတ်ပစ်လိုက်။ ကျွန်မ ရှိကြီးခိုးပါရဲ့၊ ကျွန်မသားတွေကို မဖျက်ဆီးပါနဲ့လားရှင်။ ဒီဖအေကြီးက သောက်သောက်ပြနေတော့ သားလုပ်သူကပါ အရက်သမားသား အရက်သမားဖြစ်နေပြီ။ ကျွန်မ မြန်မြန်သေမှအေးမယ်''

မေမေက သူ့ဘာသူ ရင်ဘတ်ကို လက်နဲ့ထုပြီးငိုတယ်။

**❖ဖေဖေက "ငါကြိုးစားပြီး အရက်ဖြတ်ပါ့မယ်" လို့ မေမေ့ကို ပြောနေတာ ကြားမိတယ်။ "ဒါမှ ငါ့သားတွေကို ဆုံးမလို့ရမှာ" လို့လဲ ပြောသေးတယ်။ အခုလိုကြားရတော့ သားတကယ်ပျော်မိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အရက်သောက်ရင် မေမေလဲငိုရတယ်။ ကြောက်စရာလဲကောင်းတယ်။ မုန်းစရာလဲ ကောင်းတယ်။ ဒါကြောင့်ဖေဖေ့ကို အရက်မသောက်စေချင်ဘူး၊ ဖေဖေ အရက်သောက်တာကို သားမကြိုက်သလို သားကြီးလာရင်ဘယ်တော့မှ အရက်မသောက်ဘူးလို့ ဆုံးဖြတ်ထားတယ်။❖**

''ပြောစမ်း အဲဒီကောင် ဘယ်သွားလဲ။ ပြန်လာလို့ကတော့ သေဖို့သာပြင်ထား။ လူက လက်တောက်လောက် ရှိသေးတယ်''

''ကျွန်မသားကို ဘာမှလုပ်စရာမလိုဘူး။ ရှင်အဲဒီလို မူးနေ၊ ရူးနေလို့ ကျွန်မသားတွေမှာ အရက်သမားသားဆိုတဲ့ ဘွဲ့ထူးတွေ ပြောဆိုခံနေရပြီ''

''ပြောပါစေကွာ ပြောပြောပေ့ါ။ ဘာဖြစ်လဲ။ အရက်သမားသားက အရက်သမား မဖြစ်ရင်ပြီးတာပဲ''

''မျက်နှာငယ်ရတာပေ့ါ''ဟု မေမေကပြောနေတယ်။

သားလဲ အိပ်ရာထဲကိုပြေးပြီး စောင်ခေါင်းမြီးခြုံနေပစ်လိုက်တယ်။ ပြီးတော့ တစ်ယောက်တည်း တိတ်တိတ်ကလေး ငိုနေလိုက်တယ်။ ဘယ်သူနဲ့မှလဲ စကားမပြောချင်တော့ဘူး။ ဘယ်သူ့အသံတွေကိုမှလဲမကြားချင်တော့ဘူး။ ထမင်းလဲ မစားချင်တော့ဘူး။ ငိုချင်တာပဲ သိတယ်။ သား အားရအောင် ငိုပစ်လိုက်တယ်။

ဘယ်လိုအိပ်ပျော်သွားတယ် မသိဘူး။ မေမေက ရေချိုးဖို့လာပြောမှ အိပ်ရာက နိုးသွားတယ်။ ကိုကိုကတော့ ညထိအောင် အိမ်ပြန်မလာဘူး။ ကိုမျိုးကျော်တို့အိမ်မှာပဲ အိပ်တယ်ထင်တယ်။

(၄)

ဒီနေ့ ကျောင်းမှာ ဆရာမက ပုံပြင်တစ်ပုဒ်ပြောပြတယ်။ ပုံပြင်ထဲမှာ အရက်မူးနေတဲ့ ဘုရင်ကြီးကလေအသားဟင်းမပါလို့တဲ့၊သူ့သားငယ်ကလေးကို သတ်ပြီး ချက်စားပစ်တာတဲ့။ ရက်စက်လိုက်တာဗျာ။ တအားကြောက်ဖို့ကောင်းတာပဲ။

ဆရာမကတော့ ပုံပြင်လို့ မပြောပါဘူး။ ဇာတ်တော်လို့ပြောတယ်။ ဒီဇာတ်တော်ကို နားထောင်ပြီး သားတော့ အရက်မူးနေတဲ့ ဖေဖေ့အနားတောင် မကပ်ရဲတော့ပါဘူးဗျာ။ ပြီးတော့ ဆရာမက ဆက်ပြောသေးတယ်။

''ကလေးတို့ရေ အရက်သောက်တဲ့သူဟာ နောင်ဘဝကျရင်လဲ ခွေးရူးဘဝက ငါးရာ၊ ဘီလူးဘဝက ငါးရာ၊ ဆွံ့အထိုင်းမှိုင်းတဲ့ဘဝက ငါးရာ၊ ပြီးတော့ အရူးဘဝက အနန္တဖြစ်တတ်တယ်ကွဲ့'' လို့ပြောတယ်။

သားက "အနန္တဆိုတာ ဘာလဲဟင် ဆရာမ" လို့မေးကြည့်လိုက်တာပေ့ါ။ "အနန္တဆိုတာ မရေမတွက်နိုင်အောင်ပါပဲကွယ်" တဲ့။ ဆရာမက ပြောပြတယ်။ တော်တော်ကြောက်ဖို့ ကောင်းလှတယ်။

သားရဲ့ကိုကိုလဲ ဒါတွေ နားထောင်စေချင်လိုက်တာ။ ကိုကို့ကိုမှ မဟုတ်ပါဘူးလေ ဖေဖေနဲ့ မေမေ့ကိုလဲ သိစေချင်မိတယ်။

ညနေကျတော့ အိမ်မှာ ကိုကိုနဲ့တွေ့တယ်။ ဒါနဲ့ သားက ကိုကို့ကို မှတ်မိသလောက် ပြောပြတာပေ့ါ။ အဲဒီအခါ ကိုကိုက သားကိုပြန်ပြောတယ် သိလား။

''ငါ့ကို ဆရာကြီးလာမလုပ်ပါနဲ့ ညီညီရာ။ ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်ဇောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးက သောက်စားသေစာ အပြစ်တည်းတဲ့။ ဘုန်းကြီးကျောင်းမှာနေတုန်းက ကိုကိုသင်ခဲ့ရပါတယ်" တဲ့။

''ဒါဆို ကိုကိုက ဘာလို့ အရက်သောက်တာလဲ'' လို့ မေးတော့-

''အကြောင်းရှိလို့ပေ့ါကွ''တဲ့။ ကိုကိုက ဖြေတယ်။

သားကတော့ ကိုကိုပြောတာတွေကို နားမလည်ပါဘူး။ သားပြောတာတွေကိုသာ ကိုကို နားလည်ပါစေလို့ပဲ ဆုတောင်းမိတယ်။

ညကျတော့ ဖေဖေက "ငါကြိုးစားပြီး အရက်ဖြတ်ပါ့မယ်" လို့ မေမေ့ကို ပြောနေတာ ကြားမိတယ်။ "ဒါမှ ငါ့သားတွေကို ဆုံးမလို့ရမှာ" လို့လဲ ပြောသေးတယ်။ အခုလိုကြားရတော့ သားတကယ်ပျော်မိတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အရက်သောက်ရင် မေမေလဲ ငိုရတယ်။ ကြောက်စရာလဲ ကောင်းတယ်။ မုန်းစရာလဲ ကောင်းတယ်။ ဒါကြောင့် ဖေဖေ့ကို အရက်မသောက်စေချင်ဘူး၊ ဖေဖေ အရက်သောက်တာကို သားမကြိုက်သလို သားကြီးလာရင် ဘယ်တော့မှ အရက်မသောက်ဘူးလို့ ဆုံးဖြတ်ထားတယ်။

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၀၁၆ ဧက စိုက်ပျိုးပြီးစီး



**ကသာ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြေပဲ ၁၈၀၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌မြေပဲ၁၇၂၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄နှစ် အောက်တိုဘာလ တတိယပတ်မှ စတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၀၁၆ ဧက စိုက်ပျိုး ပြီးစီးနေပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေပဲ ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးနိုင်ဖို့ လျာထားပါတယ်။ ဒီနေ့ထိဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်" ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ကသာမြို့နယ်တွင် မြေပဲစိုက် တောင်သူများကို တစ်ဧကပန်းတိုင်ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် မြေပဲများတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ခုံးပိသဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ခုံးပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းလှိုင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့်ခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ခုံးပိဿာချိန် ၄၉၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ခုံးပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ခုံးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပြည်တွင်းမှာကို ခုံးတွေက အဝယ်လိုက်နေတာပါ။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ခုံးတွေ ပိဿာချိန်တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇန်နဝါရီလထဲမှာလဲ ခုံးတွေကို ရန်ကုန်ဈေးကွက်ထဲ အများအပြားတင်ပို့ရောင်းချနေရပါတယ်။ လပွတ္တာမြို့နယ်ဘက်ကနေထွက်တဲ့ ခုံးတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ အခုလို ကုန်ရောင်း၊ ကုန်ဝယ်တွေ အားကောင်းကောင်းနဲ့ လည်ပတ်နေတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိပြီး အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းလှိုင်က ပြောပြသည်။



လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးများကိုလည်း စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဒိုက်ဦးမြို့နယ် နတ်စင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ဒိုက်ဦး ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်စင်ကုန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက နတ်စင်ကုန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆ ဒသမ ၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နတ်စင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၃၃ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၂ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

## ချိုသာစကားလူတိုင်းပြောစေ သကာပျားလိုနှုတ်ချိုစေ

– နှုတ်ဝစီ အမွန်နှောပါလို့
လူ့သဘော မနှောဖြူ၊
အများပေါ် ညှာတာစိတ်တို့
ယိုဖိတ်ဂုဏ်ထူ၊
ရိုင်းပင်းစိတ် မွေးတဲ့လူ
ခင်မင်သူက အလွန်များ၊
လူမှန်လျှင် မေတ္တာထုနှင့်
ရှေးရှုကျင့်ပွား။

– စေတနာ အကြင်နာတရားတို့
နှလုံးသားလည်း အလှဆင်၊
လူတိုင်းကို အမုန်းကင်းပေ့ါ
ချစ်ခြင်းနွယ်မျှင်၊
မာန်မာန အတ္တဘဝင်
ရှောင်ဖယ်ကြဉ်လို့ ထာဝရ၊
ဒေါသရန် အပြီးသတ်လို့
သင့်မြတ်မယ်ပ။

– ကိုယ်ချင်းစာ အဓိကပေ့ါ
မွေးမြူကြ လောကအလယ်၊
ရိုးသားစွာ စိတ်ထားမြင့်လို့
တင့်တင့်တယ်တယ်၊
ချိုသကာပျား ပီယကြွယ်
ချစ်စဖွယ် နားဝင်အေး၊
အပြုံးပန်းဆင် မျက်ဝန်းငွေ့နှင့်
ကြည်မွေ့ယဉ်ကျေး။ ။

ရင်ခတ်ပန်း(စွယ်တော်)

# မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကန်ကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဆည်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များဖြည့်စွက် မှာကြားခဲ့သည်။

အဆိုပါ ဆည်ကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ်သိန်း ၂၀၀၊ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၆ ဒသမ ၉ သိန်း ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ခုနှစ် နိုဝင်ဘာလ ဒုတိယအပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

ခရီးသွားဆောင်းပါး

# ဖျာပုံမှာ ပြန်ဆုံရရင်ဖြင့်

သက်နိုင်(ပြင်ဦးလွင်)

အပန်းဖြေနဲ့လေ့လာရေးအဖြစ် ထွက်လာခဲ့ကြတဲ့ ငွေဆောင်ကမ်းခြေခရီးစဉ်မှာ ဒလမြို့မှာတစ်ညအိပ် ရပ်နားကြပြီး တွံတေးမြို့၊ ကော့မှူးမြို့၊ ကွမ်းခြံကုန်းမြို့ တွေမှာရှိတဲ့ ဘုရားစေတီတွေကိုဖူးမြော် လက်ခုပ်ကုန်း ကမ်းခြေအနီးက ဆယ်အိမ်တန်းပင်လယ်ကမ်းခြေမှာ လေ့လာကြည့်ရှုစားသောက်ခဲ့ကြကာ ဒေးဒရဲမြို့ကို ဖြတ်သန်းခဲ့ပြီး ဖျာပုံမြို့အဝင်ကို ရောက်ရှိနေကြပါပြီ။ အချိန်က ညနေ နေဝင်ပြီးခါစ အလင်းရောင် အနည်းငယ်လောက်သာ ကျန်ရှိနေတော့တဲ့အချိန်ပါ။ ဒီအချိန်မှာ ဖျာပုံမြို့ခံစာရေးဆရာတွေနဲ့ချိန်းဆိုထားတဲ့ ဆရာဇော်ဂျီ နှစ်တစ်ရာပြည့်အထိမ်းအမှတ် စာကြည့်တိုက်ရှိရာကို မေးမြန်းစုံစမ်းမောင်းနှင်နေရတယ်။ မကြာခင်မှာ ဆရာဇော်ဂျီစာကြည့်တိုက်ကိုရောက် လာခဲ့ကြတော့ စာကြည့်တိုက်မှူးနဲ့ စာကြည့်တိုက် ဝန်ထမ်းတွေ၊ ဖျာပုံမြို့နယ်စာရေးဆရာအသင်းက အဖွဲ့ဝင်စာရေးဆရာတွေ အဆင်သင့်စောင့်ဆိုင်း ကြိုဆိုနေကြတာကို တွေ့မြင်လိုက်ရတယ်။

မြို့ခံစာရေးဆရာတွေနဲ့အတူ ပူးတွဲမြင်တွေ့ လိုက်ရတာက စာကြည့်တိုက်ရှေ့မှာရှိနေတဲ့ ဆရာ ဇော်ဂျီရုပ်တုကြီးပါ။ ရောက်ရောက်ချင်း မြို့ခံစာရေး ဆရာတွေနဲ့ နှုတ်ဆက်စကားပြောဆိုကြရင်း ဆရာ ဇော်ဂျီရုပ်တုကြီးကို မှတ်တမ်းဓာတ်ပုံရိုက်ယူနေပေမဲ့ အလင်းရောင် အားနည်းသွားတာကတစ်ကြောင်း၊ ရုပ်တုက အလင်းရောင်နဲ့ပြောင်းပြန် အရှေ့ဘက် အရပ်ကို မျက်နှာမူထားတာတစ်ကြောင်းတို့ကြောင့် ကောင်းကောင်းရိုက်ယူလို့မရတော့ပါဘူး။ ဒါကြောင့် လျှပ်စစ်မီးရောင်တွေလင်းထိန်နေတဲ့ စာကြည့်တိုက် အတွင်းမှာပဲ လေ့လာကြည့်ရှုရတော့တယ်။ ဆရာ ဇော်ဂျီစာကြည့်တိုက်က ခံ့ညားထည်ဝါပြီး စာအုပ် စာတမ်းတွေလဲ အလွန်များပြားနေတာကို သတိထား မိလိုက်တယ်။ ဝန်ထမ်းအင်အားကလဲ ပြည့်စုံ၊ စာကြည့်တိုက်တစ်ခုရဲ့ အင်္ဂါရပ်နဲ့အရည်အသွေး ပြည့်မီနေပြီး စည်းကမ်းတကျရှိနေတာကိုလဲ လေ့လာ တွေ့ရှိနေရတယ်။ စာကြည့်တိုက်အတွင်းမှာ လေ့လာ ကြည့်ရှုပြီး မြို့ခံစာပေမိတ်ဆွေတွေနဲ့ နှုတ်ဆက် စကားပြောဆိုပြီးကြတာနဲ့ ဒီနေ့ညအစီအစဉ်နဲ့ နောက်တစ်နေ့မနက်အစီအစဉ်တွေကို မြို့ခံစာရေး ဆရာတွေက ပြောပြကြတယ်။ အခုစာကြည့်တိုက် ကနေ ဟိုတယ်ရှိရာကိုသွား၊ ဟိုတယ်မှာ ရေမိုးချိုးပြီး ညနေစာထမင်းစားသောက်ကြဖို့နဲ့ နောက်တစ်နေ့ မနက် ၇ နာရီအချိန် ဆရာဇော်ဂျီ စာကြည့်တိုက်မှာပဲ မြို့ခံစာရေးဆရာတွေက ဖျာပုံမုန့်ဟင်းခါးနဲ့ ဧည့်ခံ ကျွေးမွေးရင်း အမှတ်တရတွေ့ဆုံပွဲလေးတစ်ခုကျင်းပ ပြုလုပ်ဖို့၊ ပြီးမှဖျာပုံမြို့မှာရှိတဲ့ ဘုရားစေတီတွေရှိရာ ကို လိုက်လံပို့ဆောင်ဖူးမြော်ကြဖို့ဖြစ်ပါတယ်။

မိမိအနေနဲ့ မြို့ခံစာရေးဆရာတွေကို အခုည အတွက် ဟိုတယ်ကိုလိုက်လံပို့ဆောင်ပေးဖို့နဲ့ နောက် တစ်နေ့မနက်မှာ ဖျာပုံမုန့်ဟင်းခါးစားရင်း တွေ့ဆုံပွဲ လေးတစ်ခုပြုလုပ်ဖို့ကိုသာ လက်ခံလိုက်ရတယ်။ မိမိ တို့အတွက်နဲ့ မြို့ခံစာရေးဆရာတွေ အလုပ်ရှုပ်ဝန်ပိ နေကြမှာနဲ့ မိမိတို့ခရီးဖော်အဖွဲ့ကလဲ နောက်တစ်နေ့ မှာ ငွေဆောင်ကမ်းခြေအရောက် ခရီးဆက်ကြဖို့ ရည်မှန်းထားတာကြောင့် ဘုရားဖူးအစီအစဉ်တွေကို ငြင်းပယ်လိုက်ရတော့တယ်။ စာကြည့်တိုက်ကနေ ဟိုတယ်ကိုထွက်လာကြတဲ့အချိန်မှာ မှောင်နေပြီဖြစ် ပေမဲ့ လမ်းတစ်လျှောက်လုံးမှာ ဓာတ်တိုင်မီးရောင် တွေနဲ့ လင်းထိန်နေတယ်။ ဒ့ါပြင် ဖျာပုံမြို့က အလွန် ကြီးမားသလို လမ်းတွေက ကျယ်လဲကျယ်၊ ကောင်း လဲကောင်း၊ မြို့တွင်းမှာလဲ သွားလာနေကြသူတွေနဲ့ စည်စည်ကားကား၊ သာသာယာယာ၊ အေးအေး ချမ်းချမ်းရှိနေတာကို မြင်တွေ့နေရတယ်။ လမ်းတစ် လျှောက်လုံးမှာ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ရှုပ်ထွေး စည်ကားနေတာကြောင့် ဟိုတယ်ရှိရာကို လမ်းပြ ခေါ်ဆောင်သွားနေတဲ့ ဆိုင်ကယ်အနောက်ကနေ မျက်ခြည်ပြတ်မသွားအောင် ကြိုးစားမောင်းနှင်နေ ရတယ်။ လမ်းဘေးဝဲယာက ဆိုင်ကြီး၊ ဆိုင်ငယ်၊ ဆိုင်တန်းတွေနဲ့အတူ ဖျာပုံမြို့ရဲ့ ဖွံ့ဖြိုးတိုးတက် စည်ကားမှု အစုစုမြင်ကွင်းတွေကို မကြည့်နိုင်အောင် ဖြစ်နေတယ်။ လမ်းပြဆိုင်ကယ်ကို အမီလိုက်၊ သတိ ထားမောင်းနှင်နေရင်း ဖျာပုံမြို့ရဲ့မြို့တွင်းလမ်းမကြီး၊ လမ်းမငယ်တွေမှာ တစ်လမ်းမောင်းစနစ်ကို အသုံးပြု နေတာကိုလဲ သိရှိလိုက်ရတယ်။ လမ်းပြမပါဘဲ မိမိ ကိုယ်တိုင်တစ်ယောက်တည်းမောင်းရင် အထူးသတိ ထားရတော့မှာပါ။ မကြာခင်မှာ ဟိုတယ်ကိုရောက် လာခဲ့တယ်။




ဟိုတယ်ကိုရောက်ပြီး နိုင်ငံသားစိစစ်ရေးကတ် တွေပေး၊ အခန်းယူ၊ အခန်းခတွေရှင်းတဲ့အချိန်မှာ အခက်အခဲတစ်ခုဖြစ်ပြီး အလုပ်ရှုပ်သွားခဲ့ရတဲ့အဖြစ် အပျက်တစ်ခုနဲ့ကြုံတွေ့ရတော့တယ်။ အကြောင်းရင်း ကတော့ ခရီးဖော်တစ်ယောက်ရဲ့ နိုင်ငံသားစိစစ်ရေး ကတ်တစ်ခုပျောက်ဆုံးနေတာပါ။ ဟိုရှာဒီရှာနဲ့ ရှိသမျှ အိတ်တွေအကုန်ရှာပြီး မတွေ့တဲ့အခါ တစ်ညတာ တည်းခိုအိပ်စက်ခဲ့ရတဲ့ ဒလမြို့က ဧည့်ရိပ်သာကို ဖုန်းဆက်အကြောင်းကြားပြီး ကျန်ရစ်ခဲ့သလားလို့ မေးမြန်းလိုက်ရာ ကျန်ရစ်ခဲ့ကြောင်း၊ သိမ်းဆည်း ထားကြောင်း သိလိုက်ရမှ စိတ်အေးကြရတော့တယ်။ နိုင်ငံသားစိစစ်ရေးကတ်ဆိုတာ ခရီးထွက်တဲ့အချိန် တိုင်း မဖြစ်မနေကိုင်ဆောင်ကြရတာ အလွန်လဲ အရေးကြီးပါတယ်။ ဒါကြောင့် ခရီးထွက်ခွာသွားလာ ကြတဲ့သူတိုင်း အထူးသတိထားကြရတယ်။ အခု ဖြစ်စဉ်က သူယူလာနိုး၊ ငါယူလာနိုးနဲ့ အမှတ်တမဲ့ ကျန်ရစ်နေခဲ့ရတာပါ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် မိမိ တို့ခရီးဖော်တွေ တစ်ဦးချင်းတစ်ယောက်ချင်းစီရဲ့ ပေါ့ဆမှု၊ ပေါ့လျော့မှုတွေလို့ပဲပြောရတော့မှာပါ။

ခရီးတွေကိုအဆက်မပြတ်၊ မကြာခဏထွက်လေ့ ရှိနေတဲ့ မိမိအတွက် များပြားလှတဲ့ ခရီးဖော်တွေနဲ့ ကြုံရပါတယ်။ တချို့ခရီးဖော်တွေက ခရီးစဉ်တစ် လျှောက်လုံးအတွက် လိုအပ်တဲ့အသုံးအဆောင် ပစ္စည်းတွေကို ပြည့်ပြည့်စုံစုံလိုလေသေးမရှိရအောင် ယူဆောင်လာခဲ့ကြပေမဲ့ တချို့ခရီးဖော်တွေက အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဘာပစ္စည်းမှ ယူဆောင်မလာကြဘဲ ဖြစ်သလို၊ ကြုံသလို သွားလာ နေထိုင်ကြတာတွေကိုလဲ အံ့သြစရာကောင်းလောက် အောင် ကြုံတွေ့ရဖူးပါတယ်။ ဒီခရီးကိုမသိလို့လဲ မဟုတ်၊ အချိန်မရလို့လဲမဟုတ် သိသိကြီးနဲ့အချိန်ရ နေရဲ့သားနဲ့ သူတို့တွေကိုယ်တိုင်က ပေ့ါပေ့ါဆဆ၊ ဖြစ်သလိုနေထိုင်ကြတဲ့ အကျင့်စရိုက်ရှိသူမျိုးတွေပါ။ ခရီးစဉ်အတွင်းမှာ ဆပ်ပြာပေးပါအုံး၊ သွားတိုက်ဆေး ပေးပါအုံး၊ ရေလဲလုံချည်ပေးပါအုံးနဲ့ လိုအပ်သမျှတွေ ကို ကျန်တဲ့ခရီးဖော်တွေဆီကနေ တောင်းရမ်းငှားသုံး ကြတယ်။ ခရီးထွက်လာခဲ့တဲ့ ကိုယ်ဝတ်လုံချည်၊ ပုဆိုး၊ အင်္ကျီတွေနဲ့ ညအိပ်ရာဝင်၊ မနက်မိုးလင်း မျက်နှာ သစ်ပြီးတော့ ဝတ်ထားတဲ့လုံချည်၊ ပုဆိုးနဲ့ပဲ မျက်နှာ သုတ်၊ ခရီးဆက်ထွက်တဲ့အခါမှာလဲ ဒီအဝတ်အစား တွေနဲ့ပဲ ခရီးစဉ်ဆုံးတဲ့ထိ ပေပေတေတေ စုတ်စုတ် ချာချာ ခရီးဖော်မျိုးတွေ အများအပြား ကြုံတွေ့ဖူးပါ တယ်။ ကားပေါ်တက်တဲ့အချိန်မှာ ဖိနပ်ချွတ်တက်ခဲ့ ပြီး ကားမောင်းထွက်ခွာလာတဲ့အခါမှာ ဖိနပ်က ကျန်ရစ်နေခဲ့ရတာကြောင့် ခရီးစဉ်တစ်လျှောက်လုံး ဖိနပ်မပါခြေဗလာနဲ့ လိုက်ပါလာကြတဲ့သူတွေလဲရှိခဲ့ ဖူးပါတယ်။ လူတစ်ယောက်ရဲ့အကြောင်းကို အတွင်း ကျကျကောင်းကောင်းသိချင်ရင် ခရီးအတူတူထွက် ကြည့်ဆိုတဲ့ မြန်မာစကားက အလွန်မှန်ကန်နေပါတယ်။

အခုရောက်ရှိနေတဲ့ဟိုတယ်မှာ နိုင်ငံသားစိစစ် ရေးကတ်ကျန်ခဲ့တဲ့ ခရီးဖော်အတွက် အကျိုးအကြောင်း ပြောဆိုရှင်းပြပြီး တည်းခိုအိပ်စက်ခွင့်ရခဲ့တယ်။ အခန်း တွေယူ၊ ရေချိုး၊ အဝတ်အစားလဲပြီးကြချိန်မှာ ည ၇ နာရီထိုးနေပါပြီ။ ဒါပေမဲ့ ဖျာပုံမြို့မှာရှိတဲ့ စားသောက် ဆိုင်တွေ၊ ထမင်းဆိုင်တွေနဲ့ ကျန်တဲ့ဆိုင်တွေအားလုံး က ပုံမှန်အတိုင်းဖွင့်လှစ်ရောင်းချနေကြကြောင်းနဲ့ ဆိုင်တွေမှာ သွားရောက်မှာယူစားသောက်ကြဖို့ အချိန် ကောင်းကောင်းရကြောင်း သိရှိလိုက်ရလို့ ညစာ ထမင်းစားကြဖို့အတွက် စားသောက်ဆိုင်ရှိရာကို အေးအေးဆေးဆေးလမ်းလျှောက်ကြရင်း၊ မြို့တွင်း မြင်ကွင်းတွေကိုလဲ လေ့လာကြည့်ရှုကြရင်း ထွက်လာ ခဲ့ကြတယ်။ စားသောက်ဆိုင်ကိုကားနဲ့မလာကြဘဲ လမ်းလျှောက်လာခဲ့ကြတဲ့ နောက်ထပ်အကြောင်းရင်း တွေက စားသောက်ဆိုင်တွေနဲ့ ဟိုတယ်က အလှမ်း မဝေးကြတာရယ်၊ ဖျာပုံမြို့ရဲ့ တစ်လမ်းမောင်းစနစ် လမ်းကြောတွေကို မသိတာရယ်၊ လမ်းလျှောက်ရင်း၊ ညရှုခင်းတွေကိုကြည့်ရင်း၊ အညောင်းအညာပြေကြ ရအောင်လို့ပါ။

လမ်းလျှောက်လာကြရင်းနဲ့ ဖျာပုံမြို့ရဲ့ညက စည်ကားနေတာကို တွေ့မြင်နေရတယ်။ စားသောက် ဆိုင်ကြီးတစ်ခုကိုရောက်တော့ ဆိုင်ထဲမှာစားသောက် နေကြသူတွေပြည့်နေပြီး စားပွဲလွတ်မရှိ၊ ထိုင်စရာ နေရာမရှိတာကြောင့် နောက်ထပ်တစ်ဆိုင်ရှိရာကို ဆက်လက်သွားရောက်ကြရပြန်တယ်။ ဒုတိယတွေ့ရှိ တဲ့ဆိုင်မှာ လူတွေပြည့်နေပေမဲ့ မိမိတို့အဖွဲ့နေရာယူ စားသောက်နိုင်လောက်တဲ့ စားပွဲရှည်တစ်လုံးလွတ် နေသေးလို့ဝင်ရောက်ထိုင်လိုက်ကြပြီး ဟင်းလျာတွေ ကိုမှာယူကြရတယ်။ ဖျာပုံမြို့ရဲ့ညက လမ်းတွေပေါ် မှာ သွားလာလှုပ်ရှားနေကြသူတွေနဲ့ စည်စည်ကား ကားဖြစ်နေရုံသာမက ဆိုင်တွေအတွင်းမှာလဲ လူ အပြည့်နဲ့ စည်ကားနေကြတယ်။ ဆိုင်အတွင်းမှာ စား သောက်နေကြသူအားလုံးကလဲ သူ့အဖွဲ့၊ ကိုယ့်အဖွဲ့၊ သူ့အုပ်စု၊ ကိုယ့်အုပ်စုနဲ့ ငြိမ်းငြိမ်းချမ်းချမ်း၊ ပျော်ပျော် ရွှင်ရွှင်စားသောက်နေကြတာကို မြင်တွေ့နေရတယ်။ ညစာထမင်းစားသောက်ကြပြီးလို့ ည ၉ နာရီအချိန် မှာ ဟိုတယ်ရှိရာကို ပြန်လည်လမ်းလျှောက်လာကြ တဲ့အခါမှာလဲ လမ်းတွေပေါ်၊ ဆိုင်တွေအထဲမှာ စည်ကားနေကြပါသေးတယ်။

ပြီးခဲ့တဲ့ညက ဒလမြို့ ဧည့်ရိပ်သာမှာ အိပ်ရေးပျက် ခဲ့ကြရတာကတစ်ကြောင်း၊ ဒလ–ဖျာပုံခရီးမှာ တစ်နေ ကုန်လေ့လာလည်ပတ်ခဲ့ကြရပြီး ပင်ပန်းသွားခဲ့ကြတာ ကတစ်ကြောင်းတို့ကြောင့် ဖျာပုံမြို့က ဟိုတယ်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ခဲ့ကြတယ်။ တစ်ညလုံးလဲအေးအေး ဆေးဆေး တိတ်တိတ်ဆိတ်ဆိတ်နဲ့ပါ။ နောက်တစ်နေ့ အစီအစဉ်က ဆရာဇော်ဂျီစာကြည့်တိုက်မှာ မြို့ခံစာရေး ဆရာတွေဧည့်ခံကျွေးမွေးတဲ့ ဖျာပုံမုန့်ဟင်းခါးကိုစားပြီး မြို့တွင်းမှာရှိတဲ့နာမည်ကျော် တန်ခိုးကြီးဘုရားစေတီ တွေကို ဖူးမြော်ကြဖို့ပါ။ မြို့ခံတွေနဲ့လဲ မနက် ၇ နာရီ အချိန်မှာဆုံတွေ့ကြဖို့ ချိန်းဆိုထားပြီးခဲ့ပါပြီ။ ဒါကြောင့် အိပ်ရာကနေ စောစောထခဲ့ကြပြီး မနက် ၆ နာရီကျော်ကျော်လောက်မှာ ဟိုတယ်ကနေ စတင် ထွက်ခွာကြဖို့ တိုင်ပင်စီစဉ်ထားခဲ့ကြတယ်။ ဒါပေမဲ့ မနက် ၆ နာရီကတည်းက ဟိုတယ်ဝန်ထမ်းတွေက အခန်းရှေ့မှာ တံခါးလာခေါက်ပြီး မနက်စာ စားသောက် နိုင်ပြီဖြစ်ကြောင်း လာရောက်ပြောဆိုအကြောင်း ကြားနေလို့ လက်ဖက်ရည်နဲ့ စားသောက်စရာတချို့ ကို နည်းနည်းပါးပါး စားသောက်ကြရသေးတယ်။ စားသောက်ကြပြီး ဟိုတယ်ကနေ ထွက်လာကြတဲ့ အခါ မနက် ၇ နာရီထိုးခါနီးနေပါပြီ။

မိမိတို့တည်းခိုခဲ့တဲ့ ဟိုတယ်နဲ့စာကြည့်တိုက်ကြား မှာ ဈေးတစ်ခုရှိနေတာကြောင့် မနက်စောစော စည်ကား ရှုပ်ထွေးနေတဲ့ ဈေးလမ်းကနေ ဖြတ်သန်းမောင်းနှင် နေရတယ်။ မနေ့ည ဟိုတယ်ကိုလာခဲ့စဉ်အခါတုန်းက သတိမထားမိခဲ့ပါဘူး။ ဖျာပုံလိုမြို့ကြီးတစ်မြို့ရဲ့ ဈေး တစ်ခုဖြစ်နေသလို အလွန်စည်ကားနေတာကြောင့် ကားကိုတစ်လှမ်းချင်းမောင်းနေရပြီ။ ရပ်တဲ့အခါရပ်၊ ရှောင်တဲ့အခါရှောင်ပေးနေရတယ်။ ဒ့ါပြင် ဈေးလမ်း က ရှည်လျားတာကြောင့် စာကြည့်တိုက်ရှိရာကို သတ်မှတ်ချိန်းဆိုထားတဲ့အချိန်ထက် နောက်ကျပြီး မှာ ရောက်လာခဲ့ရတော့တယ်။ စာကြည့်တိုက်ကို ရောက်ရောက်ချင်း မြို့ခံစာရေးဆရာတွေက ဖျာပုံ မုန့်ဟင်းခါးနဲ့အတူ အခြားစားသောက်ဖွယ်ရာ စုံစုံ လင်လင်နဲ့ ဧည့်ခံကျွေးကြတယ်။ မိမိသတိထား စားသောက်မိသလောက် ဖျာပုံမုန့်ဟင်းခါးက အလွန် ကောင်းတာကိုတွေ့ရတယ်။ ဒါပေမဲ့ စားသောက်ကြ အပြီး ဧည့်ခံကျွေးမွေးတွေ့ဆုံပွဲဆိုတဲ့အတိုင်း တစ်ဦး ချင်းစီက အမှတ်တရစကားတွေ ပြောဆိုနေကြရ သလို ဆရာဇော်ဂျီရုပ်တုကြီးနဲ့အတူ အမှတ်တရ ဓာတ်ပုံတွေရိုက်နေကြရတာကြောင့် အားလုံးပြီးဆုံး သွားတဲ့အခါမှာ မနက် ၉ နာရီထိုးသွားတော့တယ်။

မူလအစီအစဉ်က စာကြည့်တိုက်မှာ တွေ့ဆုံစား သောက်ကြပြီး ဘုရားစေတီတွေလှည့်ပတ်ဖူးမြော်ကြ ရင်းနဲ့ ဖျာပုံမြို့ကနေ နောက်အကျဆုံး ၉ နာရီမှာ ပြန်လည်ထွက်ခွာကြဖို့ဖြစ်ပါတယ်။ ဒါပေမဲ့ ဘုရား စေတီတွေရှိရာကို မသွားရသေးခင် မနက် ၉ နာရီထိုး နေပါပြီ။ မိမိတို့ရဲ့ ခရီးအစီအစဉ်ကလဲ ဖျာပုံမြို့ကနေ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ မြောင်းမြ စတဲ့မြို့တွေကိုဝင်ရောက်ပြီးမှ ပုသိမ်မြို့ကနေတစ်ဆင့် ငွေဆောင်ကမ်းခြေရှိရာကို ဒီနေ့အရောက်သွားကြဖို့ စီစဉ်ထားကြတယ်။ ဒါကြောင့် စာကြည့်တိုက်မှာ စားသောက်ကြပြီးရင် သက်လွတ်ချမ်းသာစေတီ၊ ခြင်္သေ့ဦးဘုရားတွေရှိရာကို သွားရောက်ဖူးမြော်ကြ မယ်ဆိုတဲ့အစီအစဉ်ကိုဖျက်လိုက်ကြပြီး ဖျာပုံမြို့ကနေ ဘိုကလေးမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြရ တယ်။ ဖျာပုံမြို့မှာရှိတဲ့ ဘုရားစေတီတွေကိုတော့ နောက်တစ်ခါကြုံကြိုက်မှ ဖူးမြော်ခွင့်ရရှိကြပါတော့ မယ်။ နောက်ထပ်တစ်ကြိမ်တော့ ပြန်လည်ကြုံဆုံ ခွင့်ရရှိလိမ့်အုံးမယ်လို့မျှော်လင့်မိပါတယ်။ အခုအချိန် မှာတော့ ဖျာပုံမြို့ကို လက်ပြနှုတ်ဆက်ခဲ့ပြီး ဘိုကလေးမြို့ရှိရာကို ထွက်ခွာလာခဲ့ကြပါပြီ။

# ထိုင်းနိုင်ငံ နခွန်ရာချာဆီမားပြည်နယ် ပက်ခ်ချွန်ခရိုင်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧက ၄၀၀ ခန့် ပျက်စီး



ဗန်ကောက် ဇန်နဝါရီ ၁၁

ထိုင်းနိုင်ငံ နခွန်ရာချာဆီမား ပြည်နယ် ပက်ခ်ချွန်ခရိုင်ရှိ ခေါင်လှိုင်တောင်တန်းတွင် ဇန်နဝါရီ ၇ ရက်မှ ယနေ့ထိ လောင်ကျွမ်းလျက်ရှိသော တောမီး ထိန်းချုပ်ရန် အခက်အခဲများရှိနေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧက ၄၀၀ ခန့် ပျက်စီးနေကြောင်း Forest Fire Control Station က ယနေ့တွင် ထုတ်ပြန်သော သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့်နေရာကို မြေပြင်မှ သွားရောက်ကာ မီးငြိမ်းသတ်နိုင်ရေးအတွက် ကန့်သတ်ချက်များရှိနေပြီး နေအိမ်များဆီသို့ တောမီးကူးစက် မလာစေရေး အတွက်သာ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ဧရိယာသည် ကမ္ဘာ့ရေးဟောင်းသမိုင်းဝင် အမွေအနှစ်စာရင်းဝင် ခေါင်ရိုင် အမျိုးသားဥယျာဉ်နှင့် နီးကပ်လျက်ရှိကြောင်း၊ ခေါင်ရိုင်အမျိုးသားဥယျာဉ်နှင့် ငါးကီလိုမီတာသာကွာဝေးသည့်နေရာတွင် တောမီးလောင်ကျွမ်းနေခြင်းဖြစ်သည့်အတွက် ခေါင်ရိုင်အမျိုးသားဥယျာဉ်သို့ တောမီးကူးစက်လောင်ကျွမ်းမှုမဖြစ်စေရန် မီးတားလမ်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ခေါင်လှိုင်တောင်တန်းမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧက ၄၀၀ လောက်ထိ ပျက်စီးဆုံးရှုံးနေပါတယ်။ တောမီးလောင်ကျွမ်းနေတဲ့နေရာဟာ ခေါင်ရိုင်အမျိုးသားဥယျာဉ်နဲ့ ငါးကီလိုမီတာပဲ ကွာဝေးတဲ့အတွက် အချိန်မရွေးတောမီးကူးစက်လာနိုင်ပါတယ်။ မီးတားလမ်းတွေကိုလဲ ဆောင်ရွက်နေပါတယ်။ တောမီးလောင်ကျွမ်းနေတဲ့နေရာကို သွားရောက်ပြီး တောမီးငြိမ်းသတ်ဖို့အတွက် ကန့်သတ်ချက်တွေရှိနေပါတယ်။ တောမီးအခြေအနေ ဆိုးရွားလာနိုင်မှုရှိ၊ မရှိကတော့ ရာသီဥတုအခြေအနေပေါ် မူတည်နေပါတယ်"ဟု Forest Fire Control Station မှ ပြောရေးဆိုခွင့်ရှိသူ ကစ်သီဂေါ် က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# လော့စ်အိန်ဂျလိစ်တောမီးကြောင့် လေထုညစ်ညမ်းမှုဆိုးရွားနေသဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်

ဝါရှင်တန် ဇန်နဝါရီ ၁၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့တွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လေထုညစ်ညမ်းမှုဆိုးရွားနေသဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လော့စ်အိန်ဂျလိစ်မြို့တွင် ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟု WHO က သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသကဲ့သို့ Pasadena Convention Center တွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပေးထားပြီး N95 Masks များပေးဝေနေကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသည့်ဒေသခံများအနေဖြင့် နေအိမ်အဆောက်အအုံများအတွင်း နေထိုင်ရန် အခက်အခဲရှိနေသကဲ့သို့ ပြင်ပတွင်လည်း လေထုညစ်ညမ်းမှုအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းကြောင့် အလွန်ခက်ခဲသည့်အခြေအနေဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း အရေးပေါ်တုံ့ပြန်မှုစီမံခန့်ခွဲရေးမန်နေဂျာ ဆန်နီလီက ပြောကြားခဲ့သည်။

"တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းနေရတဲ့ ဒေသခံတချို့ဟာ အဆောက်အအုံအတွင်းဝင်ရောက်နေထိုင်ဖို့ခက်ခဲနေသလို အပြင်မှာလဲ လေထုညစ်ညမ်းတဲ့ အန္တရာယ်နဲ့ရင်ဆိုင်နေရတယ်။ လေထုညစ်ညမ်းမှုအန္တရာယ်ကြောင့် အပြင်ကို လှုပ်ရှားသွားလာရင် Mask မပါဘဲ မသွားကြဖို့ သတိပေးချက်ထုတ်ပြန်ထားပါတယ်"ဟု အရေးပေါ်တုံ့ပြန်မှုစီမံခန့်ခွဲရေး မန်နေဂျာ ဆန်နီလီက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဆည်များတည်ဆောက်ခြင်းကြောင့် နေရာထိုင်ခင်းဆုံးရှုံးခဲ့ရသော ဆိုက်ဘေးရီးယားကြိုးကြာငှက်များ အကောင်ရေ ၇၀၀၀ ခန့် တိုးလာ

ဝါရှင်တန် ဇန်နဝါရီ ၁၁

ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဆည်များ တည်ဆောက်ခြင်းကြောင့် နေရာထိုင်ခင်းများဆုံးရှုံးခဲ့ရသောဆိုက်ဘေးရီးယားကြိုးကြာငှက်များ ယခုအခါ အကောင်ရေ ၇၀၀၀ ခန့်တိုးလာကြောင်း နိုင်ငံတကာ ကြိုးကြာငှက်ဖောင်ဒေးရှင်းအဖွဲ့၏ ဇန်နဝါရီ ၁၀ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံကြားရှိ ပျံသန်းရေးလမ်းကြောင်းတစ်လျှောက် ရွှေ့ပြောင်းနေထိုင်လျက်ရှိသည့် ကြိုးကြာငှက်များ၏ ရပ်နားရာနေရာများကို လုံခြုံအောင် နှစ်နိုင်ငံကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတကာကြိုးကြာငှက်ဖောင်ဒေးရှင်းအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"အလွန်ရှည်လျားပြီး ခက်ခဲကြမ်းတမ်းတဲ့ခရီးစဉ်တွေနဲ့ပတ်သက်ပြီး လူသိများတဲ့ ကမ္ဘာ့အရှားပါးဆုံး ဆိုက်ဘေးရီးယားကြိုးကြာငှက်တွေ မျိုးသုဉ်းလုနီးပါးဖြစ်နေပါတယ်။ အခုအခါ ရုရှားနဲ့ တရုတ်နှစ်နိုင်ငံပူးပေါင်းပြီး ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ဆောင်လျက်ရှိပါတယ်"ဟု နိုင်ငံတကာကြိုးကြာငှက်ဖောင်ဒေးရှင်းအဖွဲ့ ဥက္ကဋ္ဌ ရစ်ချ်ဘိုင်းဖက်က ပြောကြားသည်။



ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံကြားတွင် နေထိုင်ကျက်စားသည့် ဆိုက်ဘေးရီးယား ကြိုးကြာငှက်များသည် သုတေသီများ၏ခန့်မှန်းချက်များအရ ၂၀၁၂ ခုနှစ်က အကောင်ရေ ၃၅၀၀ မှ ၄၀၀၀ ကြားသာ ကျန်ရှိခဲ့ရာမှ ယခုအခါ အကောင်ရေ ၇၀၀၀ ခန့်ထိ တိုးလာကြောင်း ရစ်ချ်ဘိုင်းဖက်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : AZH

# အင်ဒိုနီးရှားနိုင်ငံက ယခုလအတွင်း ပြည်ပနှင့် ပထမဆုံးကာဗွန်ကုန်သွယ်မှု လုပ်ဆောင်သွားမည်

ဂျကာတာ ဇန်နဝါရီ ၁၁

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံ၏ ရာသီဥတုဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယခုလအတွင်း ပြည်ပနှင့် ပထမဆုံးကာဗွန်ကုန်သွယ်မှုကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကာဗွန်လဲလှယ်မှုမှတစ်ဆင့် နိုင်ငံ၏ပထမဆုံးနိုင်ငံခြားကာဗွန်ကုန်သွယ်မှုကို ဇန်နဝါရီ ၂၀ ရက်တွင် စတင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ ရာသီဥတုဆိုင်ရာ ရည်မှန်းချက်များကို အောင်မြင်မှုရရှိစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်ပြီး မဟာဗျူဟာမြောက်စွမ်းအင်စီမံကိန်းများ များစွာ ပါဝင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကာဗွန်ကုန်သွယ်မှုသည် နိုင်ငံအတွက် ပိုမိုကောင်းမွန်သောလုပ်ဆောင်ချက်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများနှင့် လိုအပ်သောကိရိယာများကို သေချာစွာပြင်ဆင်ပြီး ကုန်သွယ်မှုကို စနစ်တကျလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဟာနစ်ဖိဆိုနူရိုဖီက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံအတွင်း ကြိုးပမ်းဆောင်ရွက်မှုမှ ၃၁ ဒသမ ၈၉ ရာခိုင်နှုန်းနှင့် နိုင်ငံတကာအကူအညီဖြင့် ၄၃ ဒသမ ၂ ရာခိုင်နှုန်းလျှော့ချရန် ကတိပြုထားပြီး ၂၀၆၀ ပြည့်နှစ် အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု လုံးဝကင်းစင်ရန် ရည်မှန်းထားကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# ၂၀၂၄ ခုနှစ်က အပူချိန်အမြင့်မားဆုံးသော နှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း WMO က ထုတ်ပြန်

ဂျီနီဗာ ဇန်နဝါရီ ၁၁

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့်ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO)က မှတ်တမ်းများအရ ၂၀၂၄ ခုနှစ်သည် အပူချိန်အမြင့်မားဆုံးသော နှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၂၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ပျမ်းမျှအပူချိန်သည် စက်မှုခေတ်အလွန် ပထမဆုံးအကြိမ် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ကျော်လွန်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO) မှ သုတေသီများက အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဥရောပသမဂ္ဂမှ သုတေသီများ၏ အပူချိန်မြင့်မားမှု မှတ်တမ်းများအပေါ် မူတည်၍ အတည်ပြုထုတ်ပြန်ခဲ့ပြီး ၂၀၂၄ ခုနှစ်အတွင်း အပူချိန်မြင့်တက်မှုများအရ ရာသီဥတုဖောက်ပြန်မှုမှာ ဆက်လက်မြင့်တက်နေသည်ကို ပြသနေကြောင်း၊ အပူချိန်မြင့်တက်မှုများကြောင့် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO)က ထုတ်ပြန်ခဲ့သည်။

"ကမ္ဘာ့နိုင်ငံ အသီးသီးအနေနဲ့ ရာသီဥတုကပ်ဘေးနဲ့ ရှောင်ကြဉ်နိုင်ဖို့အတွက် ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရေးလုပ်ငန်းတွေကို အရှိန်မြှင့်တင် ဆောင်ရွက်သွားသင့်ပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ပျမ်းမျှအပူချိန် ပမာဏဟာ စက်မှုခေတ်အလွန် အပူချိန်အမြင့်ဆုံးသော နှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်သွားခဲ့တာဟာ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်နေတာကို ပြသနေပါတယ်"ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း(WMO)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# လမ်းလျှောက်ပါ

ရွှေဘိုတူးမာ

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်ထုတ် ကြေးမုံသတင်းစာတွင် တက္ကသိုလ်ညိုညိုသန့်၏ လမ်းလျှောက်ပါ ခေါင်းစဉ်တပ်ထားသည့် ကဗျာလေးတစ်ပုဒ်ဖတ်လိုက်မိသည်။ ကဗျာကောင်းတစ်ပုဒ်ဖြစ်၍ မျှဝေခံစားလိုက်ပါသည်။ ထိုကဗျာလေးမှာ–

- ဝေလီဝေလင်း နံနက်ခင်း
  ခြေခင်းလက်သာ လမ်းလျှောက်ပါ။
- နှင်းမှုန်ဖွေးဖွေး ဆောင်းအေးအေး
  နွေးထွေးစေရာ လမ်းလျှောက်ပါ။
- ညနေဆည်းဆာ အလှဖြာ
  ကျန်းမာစေရာ လမ်းလျှောက်ပါ။
- သွေးတိုးလည်းကျ အဆီချ
  လှပစေရာ လမ်းလျှောက်ပါ။
- နှလုံးသည်းစိုင် အရိုးတိုင်
  ကြံ့ခိုင်စေရာ လမ်းလျှောက်ပါ။
- အချိုခတ်ကင်း စိတ်သန့်ရှင်း
  ဘေးကင်းစေရာ လမ်းလျှောက်ပါ။
- ဉာဏ်ရည်ထက်မြက် လန်းဆန်းတက်
  သွက်လက်စေရာ လမ်းလျှောက်ပါ။

ကျန်းမာရေးအရေးကြီးပုံနှင့် လမ်းလျှောက်ခြင်း အကျိုးကျေးဇူးများပုံကို ဤကဗျာလေးက သတိပေးနှိုးဆော်ထားသည်။ လောကလူသားတို့သည် ပညာရှာရှာ၊ ဥစ္စာရှာရှာ၊ တရားရှာရှာ ကျန်းမာရေးသည် အရေးကြီးသည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘုရားက **"အာရောဂျ ပရမံလာဘံ–ကျန်းမာခြင်းသည် လာဘ်တစ်ပါး"** ဖြစ်ကြောင်း မွက်ကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံနှင့် လူမျိုးတည်တံ့ခိုင်မြဲရေးသည် လူတစ်ဦးစီ၏ ကျန်းမာကြံ့ခိုင်မှုအပေါ်တွင် များစွာတည်မှီသည်။ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ နိုင်ငံနှင့်လူမျိုးတည်တံ့ခိုင်မြဲမှ အသက်၊ သွေး၊ ချွေးတို့ဖြင့် စတေးကာရယူခဲ့သော လွတ်လပ်ရေးကြီးကို အဓွန့်ရှည်ကြာစွာ ကာကွယ်စောင့်ရှောက်နိုင်မည်၊ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

လူသားတို့ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားအမျိုးမျိုးရှိသည်။ တချို့က ရိုးရာအားကစားကို နှစ်သက်သည်။ ခြင်းခတ်ခြင်း၊ ပိုက်ကျော်ခြင်းကစားခြင်း စသည်တို့ဖြစ်သည်။ တချို့ကမူ ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ရေကူး၊ အလေးမ၊ ပြေးခုန်ပစ်နှင့် ဂေါက်ရိုက်ကစားခြင်းတွင် ပျော်မွေ့ကြသည်။ မိမိတို့ဝါသနာပါရာ ကစားကြသည်။ ကိုယ်လက်လှုပ်ရှားအားကစားနည်းများတွင် လမ်းလျှောက်ခြင်းလည်း ပါဝင်သည်။

လမ်းလျှောက်ခြင်းဖြင့် ခရီးရှည်ရှည်သွားနိုင်ခြင်း၊ ကြိုးစားအားထုတ်နိုင်သော စွမ်းအားများကို ဖြစ်စေခြင်း၊ အနာရောဂါကင်းစင်စေခြင်း၊ အစားအစာများကို ကြေညက်စေသည့်အပြင် စိတ်တည်ငြိမ်ခြင်း၊ သမာဓိအကျိုးများခြင်းတို့ကို ဖြစ်စေသည်ဟု မြတ်ဗုဒ္ဓက မွက်ကြားခဲ့သည်။

လမ်းလျှောက်ခြင်းသည် အားကစားရုံ၊ အားကစားခန်းမမလိုဘဲ၊ ငွေကြေးကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်သော ကျန်းမာရေးလေ့ကျင့်ခန်းဖြစ်သည်။ ကိုယ်အလေးချိန်လျှော့ချလိုသူများ လမ်းလျှောက်ခြင်းကို အချိန်ပေးလုပ်ဆောင်သင့်သည်။ လမ်းလျှောက်ခြင်းကို အိမ်တွင်း၌ဖြစ်စေ၊ အိမ်ပြင်၌ဖြစ်စေ နေရာမရွေးလျှောက်နိုင်သည်။ ရဟန်းရှင်လူ ကျား၊ မ အသက်အရွယ်မရွေး လျှောက်နိုင်သည်။ မိမိအခြေအနေအလိုက် နေရာနှင့်အချိန်ကို ချင့်ချိန်၍ လျှောက်နိုင်သည်။

ဤသို့ ကျန်းမာခြင်းအတွက် အကျိုးများသော လမ်းလျှောက်ခြင်း၊ ခြေကျင်ခရီးသွားခြင်း သမိုင်း



အကျဉ်းကို ဤသို့လေ့လာမိပါသည်။

ခြေကျင်လမ်းလျှောက်ခြင်း အလေ့သည် ကမ္ဘာဦးလူသတ္တဝါတို့ စတင်ဖြစ်ပေါ်ချိန်မှ အစပြုခဲ့သည်။ လူ့သဘာဝအလျောက် အချိန်တန်အရွယ်ရောက်၍ လမ်းလျှောက်နိုင်သည်မှ ဘဝနိဂုံးချုပ်သည်ထိ စားဝတ်နေရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအတွက် လူတို့သည် ခြေကျင်ခရီးလျှောက်ခဲ့ရသည်။

ကမ္ဘာဦးလူသားတို့သည် တောအထပ်ထပ်တောင်အသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ကြသည်။ ရေကြည်ရာမြက်နုရာသို့ ခြေကျင်ခရီးဖြင့် သွားခဲ့ကြသည်။ နယ်သစ်ပယ်သစ်ရှာဖွေခဲ့ကြသည်။ စီးပွားကုန်သွယ်ခဲ့ကြသည်။

မာကိုပိုလို၊ ဗာစကိုဒါဂါးမားတို့သည် ခြေကျင်တစ်နည်း၊ ရေကြောင်းဖြင့်တစ်သွယ် နယ်သစ်ပယ်သစ်ရှာဖွေခဲ့ကြသည်။ မာကိုပိုလိုသည် တရုတ်ပြည်အနှံ့ခရီးနှင်ခဲ့သည်။

တောင်ငူခေတ်က တပင်ရွှေထီးနှင့် ဘုရင့်နောင်၊ ကုန်းဘောင်ခေတ်က အလောင်းဘုရား ဦးအောင်ဇေယျတို့သည် ခြေကျင်ခရီးဖြင့် ယိုးဒယား၊ မဏိပူရ၊ အာသံထိ ရောက်ခဲ့ကြောင်း လေ့လာမှတ်သားဖူးသည်။ အင်းဝခေတ် စာဆိုတော် ရှင်မဟာရဋ္ဌသာရသည် ခြေကျင်ခရီးသွားခြင်းဖြင့် "ရွှေစက်တော်သွားတောလား" စသည့်ဂန္ထဝင်မြောက်ကဗျာများ ရေးစပ်ခဲ့သည်။

ဘုရားရှင်ကိုယ်တော်တိုင်လည်း ဘုရားဖြစ်သည်မှစ၍ ပရိနိဗ္ဗာန်ပြုသည်ထိ ၄၅ ဝါတော်ထိ လူသတ္တဝါတို့အကျိုး၊ ပရဟိတအကျိုးအတွက် နောက်ပါတပည့်ရဟန်းများနှင့်အတူ ခြေကျင်ခရီးဖြင့် သာသနာပြုခဲ့သည်။ တရုတ်ဘုန်းတော်ကြီးဖာဟီယန်သည် တရုတ်ပြည်တွင် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးအတွက် ဗုဒ္ဓအမွေအနှစ်များရှိရာ အိန္ဒိယပြည်သို့ ခြောက်နှစ်ကြာမျှ ခြေကျင်ခရီးနှင်၍ သာသနာပြုခဲ့သည်။ နာမည်ကျော် ဂိုဘီသဲကန္တာရနှင့် မတ်စောက်သော တောတောင်အထပ်ထပ်ကို သက်စွန့်ဆံဖျားကျော်ဖြတ်ပြီး ပိဋကတ်ကျမ်းများ၊ ဗုဒ္ဓရုပ်ပွားတော်များယူဆောင်ကာ တရုတ်ပြည်တွင် သာသနာပြုခဲ့သည်။ ထိုနည်းတူ ခရစ်တော်၏ တရားဓမ္မများ ပြန့်ပွားစည်ပင်စေရေးအတွက် နှစ်ပေါင်းများစွာခြေကျင်ခရီးဖြင့် သာသနာပြုခဲ့သူမှာ တမန်တော်စိန့်ပေါ(ရှင်ပေါလု)ဖြစ်သည်။ တမန်တော်စိန့်ပေါသည် ၂၇ နှစ်တိုင်တိုင် နိုင်ငံပေါင်းများစွာသို့ ခြေကျင်ခရီးဖြင့် လှည့်လည်သာသနာပြုခဲ့သူဖြစ်သည်။

ဤသို့အားဖြင့် လမ်းလျှောက်ခြင်းအကျိုးကျေးဇူးများပုံကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် ကြေးမုံသတင်းစာတွင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏ "ကျန်းမာကြံ့ခိုင်စေဖို့ လမ်းလျှောက်ကြစို့" ဆောင်းပါးတွင်လည်း ဤသို့တွေ့ရသည်။

**"ကြီးမားတဲ့အိုင်ဒီယာတွေဟာ တခြားနေရာထက် လမ်းလျှောက်ရာကနေသာရနိုင်တယ်"**

**(တွေးခေါ်ပညာရှင်ဖရက်ဒစ်နိုက်တာချီ)**

**"လမ်းလျှောက်ခြင်းသည် လူတိုင်းအကောင်းဆုံးလုပ်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှုဖြစ်သည်။ လမ်းလျှောက်ခြင်းကို အကျင့်တစ်ခုလိုလုပ်ပါ။ ဝေးဝေးလျှောက်ပါ။"**

**(အမေရိကန်၏ တတိယမြောက်သမ္မတ သောမတ်စ်ဂျက်ဖာဆင်)**

**"ကျွန်ုပ်သာဝေးဝေးမြန်မြန်လမ်းမလျှောက်နိုင်ခဲ့လျှင် ယခုချိန်လောက်ဆို လောကကြီးမှာရှိတော့မယ် မထင်ဘူး။"**

**(ချားလ်စ်ဒစ်ကင်း)**

ထို့ပြင် ဒေါက်တာမြင့်သန်းက ပညာဆက်လက်ဖြန့်ဝေထားသည်မှာ အသက်အရွယ်ကြီးသူများသည် ငြိမ်နေလျှင် အရိုးပွလာတတ်သည်။ ကိုယ်အလေးချိန်တိုးပြီး ဆီးချို၊ သွေးချိုဝင်လာနိုင်သည်။ ထို့ကြောင့် လမ်းလျှောက်ခြင်းကို လုပ်ဆောင်သင့်သည်။ လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုများက သတိမေ့တတ်ခြင်း၊ စဉ်းစားနိုင်မှုစွမ်းရည်ကို အလွန်အထောက်အကူပြုခြင်းဖြစ်စေသည်။

ထို့ပြင် ရက်သတ္တတစ်ပတ်လျှင် နာရီအနည်းငယ် လမ်းလျှောက်ခြင်းဖြင့် တစ်ကိုယ်ရေကျန်းမာကြံ့ခိုင်မှုကိုရစေသည်။ ဇရာနောက်ကွယ်မှ ဝင်ရောက်လာသောရောဂါများကို နည်းပါးစေသည်။ ဦးနှောက်အတွင်းဆဲလ်များ အိုမင်းပျက်စီးခြင်းကြောင့် သတိမေ့တတ်ခြင်းကို ကောင်းစွာအကျိုးပြုစေသည်။

ထို့နောက် ဆောင်းပါးရှင် ပီတိရှင်ကလည်း ၂၀၂၂ ခုနှစ် မေ ၉ ရက်ထုတ် ကြေးမုံသတင်းစာတွင် "လမ်းလျှောက်ကြမယ်"ခေါင်းစဉ်လေးနှင့် ဤသို့ ပညာဖြန့်ဝေပြီး ဗဟုသုတများပေးခဲ့သည်။

အမေရိကန်တို့က တစ်နေ့လျှင် ခြေလှမ်း ၅၁၁၇ လှမ်း၊ ဂျပန်လူမျိုးတို့ကလည်း တစ်နေ့လျှင် ခြေလှမ်း ၇၁၆၈ လှမ်း၊ ဩစတြေးလျတို့က တစ်နေ့လျှင် ခြေလှမ်း ၉၆၉၅ လှမ်းလျှောက်ကြသည်ဟု ဖော်ပြထားသည်။

ကျန်းမာသည့်ဘဝကို ပိုင်ဆိုင်လိုလျှင် တစ်နေ့ ခြေလှမ်း ၁၀၀၀၀ လျှောက်သင့်ကြောင်း အကြံပြုရေးသားထားပါသည်။

ဤသို့ဖြင့် လူတစ်ယောက်သည် မိနစ် ၂၀ လမ်းလျှောက်ပါက ခြေလှမ်း ၂၀၀၀ ဖြစ်ပြီး တစ်မိုင်ခရီးနှင့် ညီမျှသည်။

မှတ်သားထိုက်သည်မှာ နေ့စဉ်ခြေလှမ်း ၁၀၀၀၀ သာလျှောက်နိုင်လျှင် တစ်နှစ်အတွင်း ကုန်ကျမည့် ကျန်းမာရေးစရိတ် သက်သာမည်ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် အရွယ်တင်နုပျိုပြီး အိုမင်းရင့်ရော်ခြင်းကိုလည်း ပြေလျော့စေသည်။ ထို့ပြင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါနှင့် သွေးကြောများ ကြွပ်ဆတ်မာကျောမှုကိုဖြစ်စေနိုင်သည့် သွေးထဲရှိကိုလက်စထရောများကို လျော့ကျစေခြင်းဖြစ်ပေါ်စေသည်။ ထို့ကြောင့် သက်ရှည်ကျန်းမာဖို့ "လမ်းလျှောက်ကြစို့"ဟု စာရေးဆရာ ပီတိရှင်က တိုက်တွန်းနှိုးဆော်ထားသည်။ ထိုမျှမက ဆရာကြီး မင်းယုဝေကလည်း လမ်းလျှောက်ခြင်း အကျိုးများပုံကို "ဆရာဝန်နှစ်ယောက်"ကဗျာတွင်–

နေ့စဉ်ငါ့မှာ လမ်းလျှောက်ပါ၍
ကျန်းမာသက်ရှည် ခန္ဓာတည်သည်
ရွှင်ကြည်မြဲခိုင် အလုပ်လုပ်နိုင်၏
ဆရာဝန်နှစ်ယောက် မြဲစောင့်ရှောက်သို့
ခြေထောက်နှစ်ဖြာ ကျိုးပြုပါသည်
မဟာကျေးဇူးရှင်တို့တကားဟု ရေးဖွဲ့ခဲ့ပါသည်။

ထို့ကြောင့် သက်ရှည်ကျန်းမာကြံ့ခိုင်မှုအတွက် အကောင်းဆုံးဆေးမှာ လမ်းလျှောက်ခြင်းဖြစ်သည်။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကား ရေးဖွဲ့၍မကုန်နိုင်ပေ။ ထို့ကြောင့် သက်ရှည်ကျန်းမာလိုသူတိုင်း နေ့စဉ်လမ်းလျှောက်ပါဟူ၍သာ တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **ကဗျာဆရာကြီး မင်းယုဝေ**
- **ကဗျာဆရာမကြီး တက္ကသိုလ်ညိုညိုသန့်**
- **ဒေါက်တာမြင့်သန်း(ညောင်လေးပင်)**
- **ခြေလျင် ကျော်မြင့်လွင်တို့၏စာပေများ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ရွှေရောင်ငှက်ကလေး

ကလေးတို့ရေ ဒီတစ်ပတ်ပြောပြမဲ့ပုံပြင်လေးကတော့ ရွှေရောင်ငှက်ကလေးဆိုတဲ့ ပုံပြင်ကလေးဖြစ်ပါတယ်ကွယ်။ တစ်ခါတုန်းက လူငယ်လေးတစ်ယောက်ဟာ တောအုပ်ကြီးထဲကို နေ့စဉ်ထင်းခွေထွက်ရသတဲ့။ အိမ်မှာတစ်နှစ်ပတ်လုံးသုံးဖို့ ထင်းတွေစုရမှာမို့ နေ့စဉ်မပျက်မကွက် ထင်းခွေထွက်ရတာပေါ့ကွယ်။

ဒီလိုနဲ့ တစ်နေ့ တောအုပ်ကြီးထဲမှာ ထင်းတွေရှာဖွေရင်း ဒဏ်ရာရနေတဲ့ငှက်မည်းကလေးတစ်ကောင်ကိုတွေ့လို့ ကယ်တင်ဖို့ခေါ်ယူလာခဲ့တယ်။ အိမ်ရောက်တဲ့အခါ လူငယ်လေးက ငှက်မည်းကလေးရဲ့ဒဏ်ရာကို ကြင်ကြင်နာနာနဲ့ ပြုစုကုသပေးတယ်။ အစာကိုလဲ စိတ်ရှည်လက်ရှည်ကျွေးပါတယ်။ လူငယ်လေးရဲ့ပြုစုယုယမှုကြောင့် ငှက်မည်းကလေးရဲ့ဒဏ်ရာ တဖြည်းဖြည်း သက်သာပျောက်ကင်းလာပြီး ရွှင်ရွှင်လန်းလန်းဖြစ်လာတယ်။ အားအင်လဲ ပြည့်ဖြိုးလာပြီး ငှက်မည်းကလေးက သူ့ကျေးဇူးရှင် လူငယ်လေးကို ကပြကာ သီချင်းလဲဆိုပြသတဲ့။ ငှက်ကလေးရဲ့အကဟာ ကြည့်လို့ကောင်းပြီး အသံကလဲ ထူးထူးကဲကဲသာယာနေတာ ခံစားမိတယ်။ ငှက်မည်းကလေးရဲ့အကနဲ့ တေးသံချိုချိုကြောင့် လူငယ်လေးဟာ စိတ်ချမ်းသာပြီး လုပ်ငန်းတွေလုပ်ကိုင်ရာမှာ ပိုအဆင်ပြေလာတယ်တဲ့ကွယ်။

တစ်နေ့မှာတော့ လူငယ်လေးရဲ့ အိမ်နီးနားချင်းလူငယ်တစ်ယောက်က တောအုပ်ကြီးထဲမှာ ငှက်မည်းကလေးလို သာသာယာယာသီချင်းဆိုနေတဲ့ ရွှေရောင်ငှက်ကလေးတစ်ကောင်တွေ့ခဲ့ဖူးကြောင်း ပြောပြတယ်။ အဲဒီအခါ လူငယ်လေးက "ရွှေရောင်ငှက်ကလေးဟုတ်လား။ တော်တော်လှမှာပဲနော်။ သီချင်းဆိုလဲ ကောင်းတယ်ဆိုတော့ အဲဒီငှက်ကလေးမျိုးလိုချင်လိုက်တာ။ ငါတို့အိမ်က ငှက်ကလေးက အသံတော့သာယာပါရဲ့။ ဒါပေမဲ့ အမွေးအတောင်တွေက မည်းနက်နေတော့ ရွှေရောင်ငှက်ကလေးလို မလှဘူး။ သီချင်းဆိုပဲကောင်းပြီး ရုပ်ကဆိုးတယ်။ ရွှေရောင်ငှက်ကလေးဆိုရင် လှလှပပနဲ့ ကပြသီချင်းဆိုနိုင်မှာ"လို့ပြောပြီး ရွှေရောင်ငှက်ကလေးကို စိတ်ကူးနဲ့ မှန်းဆမြင်ယောင်ရင်း ရွှေရောင်ငှက်ကလေးကို လိုချင်စိတ်ပြင်းပြနေသတဲ့။

နောက်နေ့တွေမှာ လူငယ်လေး ထင်းခွေရာက ပြန်လာတိုင်း ငှက်မည်းကလေးက ကပြပြီး သီချင်းဆိုဖျော်ဖြေပေမဲ့ လူငယ်လေးက အခါတိုင်းလို မနှစ်သက်



တော့ဘူးတဲ့ကွယ်။ ငှက်မည်းကလေးလဲ သူ့သခင်လူငယ်လေး စိတ်ပျော်ရွှင်အောင် ပိုမိုကြိုးစားပြီး ကပြဆိုပြပေမဲ့ လူငယ်လေးက ငှက်မည်းကလေးကို သဘောမကျတော့ဘူးတဲ့ကွယ်။

လူငယ်လေးဟာ နေ့စဉ်ထင်းခွေသွားရင်း အိမ်နီးနားချင်းလူငယ်ပြောတဲ့ ရွှေရောင်ငှက်ကလေးကို တွေ့များတွေ့မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ အမြဲတမ်းရှာဖွေကြည့်တယ်။ ဒါပေမဲ့ ရွှေရောင်ငှက်ကလေးရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရဘူးတဲ့။ ထင်းခွေရာက ပြန်လာတိုင်း မျက်နှာညှိုးနွမ်းနေတဲ့ လူငယ်လေးကို ငှက်မည်းကလေးက ဘာဖြစ်လို့မပျော်မရွှင်ဖြစ်နေရတာလဲ သခင်လေးရယ်လို့ မေးပေမဲ့ လူငယ်လေးက ဘာမှပြန်မဖြေဘူးတဲ့ကွယ်။ ငှက်မည်းကလေးလဲ သူ့ကျေးဇူးရှင်သခင်လေးပျော်ရွှင်အောင် ကူညီပေးချင်ပေမဲ့ ဘာကြောင့်မပျော်မှန်း မသိတဲ့အတွက် ဘယ်လိုကူညီရမယ်ဆိုတာ မသိတော့ဘူးတဲ့ကွယ်။

ငှက်မည်းကလေးလဲ ကျန်းမာသည်ထက် ကျန်းမာလာပြီး သူနေခဲ့တဲ့ တောအုပ်ကြီးကိုပြန်ဖို့ သတိရလာတယ်။ ဒါပေမဲ့ ကျေးဇူးရှင် သခင်လူငယ်လေးကို မပျော်မရွှင်နဲ့ ပစ်မထားရက်ခဲ့ဘူးဖြစ်နေတယ်။ ဒါနဲ့ ဒီနေ့တော့ သခင်လူငယ်လေးထင်းခွေရာက ပြန်လာရင် ငှက်မည်းကလေးက သခင်လေးမပျော်ရွှင်ရတဲ့ အကြောင်းရင်းကို ရအောင်မေးမယ်။ ပြီးတော့ ပျော်ရွှင်အောင် အစွမ်းကုန်ကြိုးစားဖျော်ဖြေပေးမယ်လို့ စိတ်ကူးထားတာပေါ့ကွယ်။ ဒါပေမဲ့ သခင်လူငယ်လေးပြန်လာချိန် မေးမြန်းပေမဲ့ ဘာအဖြေမှမပေးတဲ့အပြင် သူရှိနေတာကိုပင် မလိုလားဟန်ရှိနေမှန်း ငှက်မည်းကလေးက ရိပ်စားမိသွားပါတယ်။ ဒါကြောင့် လူငယ်လေးကို နောက်ဆုံးအနေနဲ့ ကြိုးစားကပြပြီး အချိုသာဆုံးသီချင်းသီဆိုဖျော်ဖြေတယ်။ ကပြသီဆိုဖျော်ဖြေပြီးတဲ့အခါမှာတော့ သခင်လူငယ်လေးကိုသုံးကြိမ်သုံးခါ ပျံဝဲနှုတ်ဆက်ပြီး တောအုပ်ကြီးဆီကို ပျံသွားပါတယ်။ အဲဒီအခါမှာ လူငယ်လေးထူးဆန်းစွာမြင်လိုက်ရတာကတော့ နေရောင်ထဲမှာပျံသွားတဲ့ ငှက်မည်းကလေးဟာ ရွှေရောင်ငှက်ကလေးအဖြစ် ပြောင်းလဲပျံသန်းသွားတာကိုပါပဲ။

ကလေးတို့ရေ တကယ်တော့ ငှက်မည်းကလေးဟာ ဒဏ်ရာအပြင်းအထန်ရလို့ အမွေးအတောင်လေးတွေမှာ နဂိုရွှေရောင်ခေတ္တပျောက်ကွယ်ပြီး ငှက်မည်းကလေးဖြစ်နေတာပဲကွယ်။ ဒဏ်ရာသက်သာပျောက်ကင်းပြီး အားအင်ပြည့်ဝလာတဲ့အခါ နေရောင်နဲ့ ပြန်လည်ထိတွေ့တာနဲ့တစ်ပြိုင်နက် မူလရွှေရောင်ငှက်ကလေး ပြန်ဖြစ်သွားတာပေါ့ကွယ်။

လူငယ်လေးဟာ ရွှေရောင်ငှက်ကလေး သူ့အနားမှာရှိနေခဲ့ပေမဲ့ ရွှေရောင်ငှက်ကလေးမှန်းမသိဘဲ စိတ်ကူးထဲက ရွှေရောင်ငှက်ကလေးကိုသာ တမ်းတနေပြီး မပျော်မရွှင်ဖြစ်နေခဲ့တယ်။ သူနဲ့အနီးဆုံးမှာရှိနေတဲ့ ငှက်မည်းကလေးဟာ ရွှေရောင်ငှက်ကလေးဆိုတာ မျက်မြင်တွေ့လိုက်ရချိန်မှာတော့ ငှက်ကလေးဟာ အဝေးကတောအုပ်ဆီ ပျံသန်းပျောက်ကွယ်သွားခဲ့ပြီလေ။

ကလေးတို့ရေ ဒီပုံပြင်ကလေးထဲက လူငယ်လေးရဲ့အဖြစ်ကို သင်ခန်းစာယူပြီး ကိုယ့်အနားမှာရှိနေတဲ့ မိတ်ဆွေစစ်တွေရဲ့တန်ဖိုးကို ဝေးမသွားခင် သိနားလည်ပြီး အပြန်အလှန်ခင်မင်မြတ်နိုးကြဖို့ လိုအပ်ပါတယ်ကွယ်။


**ညွန့်ဝင်း(နတ်တလင်း)**

## အိုးစည်ဝိုင်းလေး

♦ ကြေးနဲ့သွန်းလောင်း လင်းကွင်းသံ
နားဝယ်စူးရှညံ၊
ဝါးပိုးဝါးမှန် အလယ်ခွဲ
ဝါးလက်ခုပ်လေးပဲ။

♦ လေကုန်မှုတ်မြဲ ခြောက်ပေါက်ဝေ
ဝါးလေးကိုပလွေ၊
သစ်သားကိုလေ ထွင်းကာထု
နွားသားရေနဲ့ပြု။

♦ အိုးစည်လေးဟု ခေါ်သည်သာ
မျက်နှာဝညီညာ၊
ချည်ကြိုးတပ်ကာ စလွယ်သိုင်း
တို့ရွာအိုးစည်ဝိုင်း။ ။



**ခင်မောင်မြင့်**

## ကျောင်းတော် သာယာဖို့

♦ ကျောင်းတော်ပသာဒ လှဖို့ရာ
တို့များ တာဝန်ပါ၊
နေ့စဉ်တိုင်းမှာ ဝန်းကျင်တွင်း
အလှည့်ကျသန့်ရှင်း။

♦ အသင်းငါးသင်း ညီညီညာ
ကျရာကျေပွန်စွာ၊
ဝန်းကျင်သာယာ စိမ်းစိုလန်း
ဝိုင်းဝန်း ရည်မျှော်မှန်း။

♦ စိတ်ဓာတ် စည်းကမ်း ပြည့်စွာပင်
စုပေါင်းကာ ပါဝင်၊
ကျောင်းတော်တစ်ခွင် သာယာဖို့
ကိုယ်စီ အားထုတ်စို့။ ။



**ခိုင်ခိုင်နွယ်(ပညာရေး)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၅)အရ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်၊ (၇၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)တွင် စာရင်းစစ်တာဝန်ထမ်းဆောင်နေသော **"သီဟသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်ရီ"**အား နိုင်ငံတော်မှ **"သီရိသုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ထပ်ဆင့်အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အမျိုးဘာသာ သာသနာအတွက် ဆတက်ထမ်းပိုး တိုး၍ ထောက်ပံ့ချီးမြှင့်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)




## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့အတွက် လိုအပ်သော ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွံနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် ပုံနှိပ်ကုန်ကြမ်းပစ္စည်းများအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါပုံစံဖြည့်စွက်ပြီး ၁၇-၁-၂၀၂၅ ရက် နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။ ထိုသို့တင်သွင်းရာတွင်တင်သွင်းသူများအနေဖြင့် တောင်းခံလွှာတစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ်၊ ၀၃၂-၃၀၂၆၉၊ ၀၃၁-၇၄၀၂၀၊ ၀၃၁-၇၄၀၀၆၊ ၀၃၃-၇၂၇၈၁၊ ၀၃၆-၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 မှ မနန်းချောဝတီမိုး(ကျောင်းဝင်အမှတ်-၁၂၇၉) (ဘ) ဦးမိုးဝင်း (၉/ကဆန(နိုင်)၁၂၂၀၅၃)သမီး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မချောဝတီမိုး ဖြစ်ပါကြောင်း။

မချောဝတီမိုး(၁၃/မဆတ(နိုင်)၁၀၇၉၁၆၅)

## မိခင်အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11တွင်ပညာသင်ကြားနေသော မမျိုးမျိုးကျော်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်နီလာတင် ဖြစ်ပါကြောင်း။

ဒေါ်နီလာတင်(၉/ကဆန(နိုင်)၀၉၅၂၁၃)

## အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 မှ နန်းဇာခြည်သန့် (ကျောင်းဝင်အမှတ်-၁၁၅၆) (ဘ) ဦးသိန်းမြင့်ဦး(၁၃/နစန(နိုင်)၁၀၀၅၇၄) သမီး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မနန်းဇာခြည်သန့် ဖြစ်ပါကြောင်း။

မနန်းဇာခြည်သန့်(၁၃/နစန(နိုင်)၁၂၈၁၅၅)

## ဖခင်အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10တွင်ပညာသင်ကြားနေသော မစုလှဲ့ဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးတုပ်ပေါ ဖြစ်ပါကြောင်း။

ဦးတုပ်ပေါ(၉/စကတ(နိုင်)၁၁၇၀၆၀)

## အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 မှ မမွန်ဆင့်နေခြည် (ကျောင်းဝင်အမှတ်-၁၁၈၀) (ဘ)ဦးဇော်လင်း(၉/ကဆန(နိုင်)၁၉၇၉၅၀)သမီး၏ အမည်မှန်မှာ ကျောင်းဝင်မှတ်ပုံတင် (ခ) စာရင်းအရ မသွန်းဆင့်နေခြည် ဖြစ်ပါကြောင်း။ **မသွန်းဆင့်နေခြည်**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (၈၅၆)နေ ဦးသက်ဇော်ဦး(၈/ခမန(နိုင်)၁၄၄၀၉၈)၏သမီး မအဖြူရင့်ရောင်အား မမေချစ်သက်ဟု အမည် ပြောင်းလဲခေါ်ဆိုပါရန်။ **မမေချစ်သက်**

## ဖခင်အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10တွင်ပညာသင်ကြားနေသော မဖြိုးသီရိကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်နိုင်စိုး ဖြစ်ပါကြောင်း။

ဦးကျော်နိုင်စိုး(၉/အမရ(နိုင်)၁၁၈၀၅၁)

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၁၇၈)နေ HA WA Bi Bi (ဘ) Sule Man Man Joo(၉/အမဇ(ပြု)၀၀၀၃၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-902424)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၅၀၀၉၄၄

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁ လမ်း x ၃၂ လမ်းကြား၊ ၇၂ လမ်း x ၇၃ လမ်းကြားနေ ကျွန်မ ဒေါ်ရန်ချင်တီး (ဘ) ဦးအားကြာ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တယန(နိုင်)၀၂၆၃၄၁ ပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်းအကွက်(၄၉၈-က)၊ ကွင်းအမည်(ကျီကုန်းကွင်း) ဦးပိုင်(၂၄၄/၁)ဧရိယာ(၀.၂၇)ကေ၊ ဦးပိုင်(၂၅၇/၇) ဧရိယာ(၀.၁၈)ကေ၊ ဦးပိုင်(၂၆၃)ဧရိယာ (၀.၂၉)ကေ အကျယ်အဝန်းရှိသည့် လယ်မြေများအတွက် ချထားပေးသည့် ပုံစံ ၇ ပျောက်ဆုံးသွားပါ၍ ပုံစံ ၇ ပြန်လည်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မိမိထံသို့ဖြစ်စေ၊ သက်ဆိုင်ရာရုံးသို့ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရန်ချင်တီး(ဖုန်း ၀၉-၆၉၉၉၆၉၆၉၉)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုးသစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family




မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို သွားရောက်ကြည့်ရှု လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

စာမျက်နှာ- ၁၉

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်ကို ဇန်နဝါရီ ၁၉ ရက်ထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်ထား



မန္တလေး ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ၏ အထိမ်းအမှတ် Landmark တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက် ပန်းပွဲတော်(Floral Fantasia 2024)သို့ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ၊ အေးချမ်းပျော်ရွှင်စွာ လာရောက် အပန်းဖြေသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်ထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်ထားကြောင်း သိရသည်။

အမျိုးသား ကန်တော်ကြီး ဥယျာဉ်နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက်ပန်းပွဲတော်ကို ဇန်နဝါရီ ၁၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

### ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက် ခတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၀၀၀၀၀ ကျပ်။

ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် နာဂတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

စာမျက်နှာ- ၁၁

